ကြေးမုံ The Mirror

၁၃၆၆ ခုနှစ်၊ကဆုန်လပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့၊ (14-5-2004) (၄၂၃၃)

ခန္တီ စ
တော် မင်္ဂလ မုတ္တမံ။

သည်းခံခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Datuk Dauglas Uggah နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည် မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Datuk Dauglas Uggah နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H. E. Dato Cheah Sam Kip လည်း တက်ရောက်သည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Datuk Dauglas Uggah**အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၁၉၇၂၉၃

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Datuk Dauglas Uggah**နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

The Mirror

၁၄-၅-၂၀၀၄
(သောကြာနေ့)

ဝါစိုက်ခင်းကြီးများ တိုးချဲ့စိုက်ပျိုး သီးနှံများ ထုတ်လုပ်တင်ပို့နိုင်ရေးကြိုးပမ်း

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရက အဓိကစီးပွားရေးကဏ္ဍ ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိသည်။ မြေသယံဇာတ၊ ရေသယံဇာတများ အကျိုးရှိရှိ အသုံးချနိုင်ရေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပင်ကိုအားဖြင့် ရေခံမြေခံကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသော ဒေသများတွင် သီးနှံစိုက်စွမ်းအား တိုးမြှင့်ပေးနိုင်မည့်အစီအမံများဖြင့် တောင်သူလယ်သမားများအား အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့အပြင် အရင်းအနှီးရှိပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စွမ်းရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား မြေလွတ်မြေရိုင်းများကို လယ်ယာမြေများအဖြစ် ဖော်ထုတ်လုပ်ကိုင်ခွင့်ပြုထားသည်။ ယခုအခါ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ လယ်မြေလုပ်ကွက်ကြီးများ၊ မကွေးတိုင်း၌ ယာမြေလုပ်ကွက်ကြီးများနှင့် တနင်္သာရီတိုင်း၌ ဆီအုန်း စိုက်ခင်းကြီးများ ဖော်ထုတ်လုပ်ကိုင်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များ လိုက်ပါလျက် မေလ ၉ ရက်နေ့က မကွေးတိုင်းအတွင်း သွားရောက်၍ တပ်မတော်ဝါစိုက်ခင်းနှင့် မြေလွတ်မြေလပ်များ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ခရီးစဉ်အတွင်း စလင်းမြို့နယ်ရှိ အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက်၏ တည်ဘိုကန် မြေလွတ်မြေလပ်ဖော်ထုတ်ရေးစီမံကိန်းသို့ ရောက်ရှိစဉ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ၌ **လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး သီးနှံများကို ပြည်ပသို့ စီးပွားဖြစ်တင်ပို့နိုင်သည်အထိ တိုးတက်မှုရရှိလာအောင် မြင့်မားသည့် ရည်မှန်းချက် ထားရှိလုပ်ကိုင်ရန်လိုကြောင်း၊ မကွေးတိုင်း၏ ရေ၊ မြေအခြေအနေအရ ဝါသီးနှံ ဖြစ်ထွန်းနိုင်သည်ဖြစ်ရာ ဝါစိုက်ခင်းကြီးများအဖြစ် တိုးချဲ့စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း** မှာကြားသွားသည်။

မကွေးတိုင်းအတွင်း တိုင်းရင်းသားလုပ်ငန်းရှင်များက မြေလွတ်မြေရိုင်းများကို ဖော်ထုတ်လုပ်ကိုင်လျက်ရှိရာ ပွင့်ဖြူမြို့နယ်တွင် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ ပြည်လုံးကျော် စိုက်ပျိုးရေး စီမံကိန်းလုပ်ငန်း၌ လုပ်ကိုင်ခွင့်ရမြေယာများအား သီးနှံစိုက်ပျိုးနိုင်ရေး ပြုပြင်လျက်ရှိသည်။ တစ်ချိန်တည်းတွင် ပြုပြင်ပြီးမြေယာများ၌ နှမ်း၊ ပဲစင်းငုံ၊ ဝါ၊ သစ်ဆိမ့်၊ သရက်၊ ဆီးနှင့် သနပ်ခါးများ စိုက်ပျိုးလျက်ရှိသည်။

အလားတူ ပွင့်ဖြူမြို့နယ် ရေပုတ်ကြီး၊ ချောင်းဆုံဒေသတွင် ဒဂုန်အင်တာနေရှင်နယ်လီမိတက်က မြေလွတ်မြေလပ်များ ဖော်ထုတ်၍ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိသည်။ အဆိုပါဒေသတွင် ဝါသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် တပ်မတော်ဝါစိုက်ပျိုးရေးစခန်း(ပွင့်ဖြူ)ကို ထူထောင်လုပ်ကိုင်လျက်ရှိသည်။ အဆိုပါ ဝါစိုက်ပျိုးရေး စခန်းတွင် ဝါဧက ၁၅၀၀၀ စိုက်ပျိုးနိုင်ရေး၊ ဝါမျိုးကောင်းမျိုးသန့်နှင့် ရောဂါပိုးမွှားဒဏ်ခံနိုင်သည့် ဝါမျိုးများရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်း၏ရေ၊ မြေသည် ဝါသီးနှံ စိုက်ပျိုးဖြစ်ထွန်းသော ဒေသဖြစ်ရာ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများက ပဲအမျိုးမျိုး၊ ပြောင်းနှင့်ဆီထွက်သီးနှံများကိုသာမက ဝါသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များက ဒေသနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းသည့် သီးနှံများကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ် တင်ပို့နိုင်ရေးကြိုးပမ်းကြရန်နှင့် ဝါစိုက်ခင်းကြီးများ တိုးချဲ့စိုက်ပျိုးသွားကြရန်ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာသန္တိ သုခမှ အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၃

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၏ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဇနိတ (ဓမ္မာစရိယမဟာဝိဇ္ဇာ၊မာဂဓတက္ကသိုလ်)၏ ဩဝါဒခံယူကာ သဒ္ဓမ္မဇောတိကဓဇ ဆုထူးပန်ဆရာဟန်ကိုယ်တိုင် ပြောသလောက်မခက် ခက်သလောက် လွယ်အောင် ခေတ်မီသောသင်္ကေတနည်းဖြင့် ဦးစီးသင်ကြားပို့ချမည့် တတိယအကြိမ်မြောက် မဟာသန္တိသုခ အဘိဓမ္မာသင်တန်းများကို လာမည့် မေ၂၂ရက် (စနေနေ့)မှ စတင်ကာ အောက်တိုဘာလကုန်အထိ (စနေ၊ တနင်္ဂနွေနေ့တိုင်း)ညနေ၄နာရီမှ၆နာရီအထိ မဟာသန္တိသုခ ကျောင်းတော်ကြီး၏ ချင်းတွင်းခန်းမတွင် စတင်ဖွင့်လှစ်ရန် စီစဉ်ထားသည်။ သင်တန်းတက်ရောက်လိုသူများသည်ကျောင်းတော်ကြီး သင်တန်းရုံး ဖုန်း-၅၄၄၉၃၈သို့ ဆက်သွယ်ကြရန်နှိုးဆော် ထားကြောင်း သိရသည်။ (က-ပ)

စိတ်ကိုပြောင်းလဲစေသောဆေးဝါးဖြည့်စွက်သတ်မှတ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၄
ရန်ကုန်မြို့၊ ၂၀၀၄ ခုနှစ်၊ မေလ ၁၀ ရက်
(၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤဝန်ကြီးဌာန၏ ၂၁-၆-၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၂ ၏ ဇယား(၂) အမှတ်စဉ် ၁၅ နောက်တွင် အောက်ပါ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို အမှတ်စဉ် ၁၆ အဖြစ် ဖြည့်စွက်သတ်မှတ်လိုက်သည်။

အမှတ်စဉ်	နိုင်ငံတကာမူပိုင်မဟုတ်သော အမည်များ (International non-proprietary name)	အခြားမူပိုင်မဟုတ်သောအမည် သို့မဟုတ် မထင်ရှားသောအမည်များ (Other non- proprietary or trivial names)	ဓာတုပစ္စည်းအမည် (chemical name)
၁၆	အမင်နီတင်း (Amineptine)	အမင်နီတင်း (Amineptine)	(7-[10,11-dihydro-5H-dibenzo(a,d)] cyclohepten-5-yl) Amino] anoic acid)

(ပုံ) ဒေါက်တာကျော်မြင့်
ဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

ဒုတိယ တပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းထံ သွေးလည်ပတ်မှု ကောင်းစေသည့် B.C.D စက်အလုံး ၃၀ကို Fame Hotel & Trade Co., Ltd. နှင့် ငွေစင်ဦး ကျန်းမာရေး မိသားစုမှ ဦးခင်မောင်ကျော်၊ ဒေါ်နီ(ခ) ဒေါ်ကြူကြူလွင်တို့က ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

လွှဲပြောင်းပေးအပ်

ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း B.C.D စက် ၂၂လုံးကို ကျန်းမာရေးဝန်ကြီး ဌာနအောက်ရှိ ပြည်သူ့ဆေးရုံကြီးများ အတွက် လွှဲပြောင်းပေးအပ်စဉ်။(သတင်းစဉ်)

သွေးလည်ပတ်မှုကောင်းစေသည့် ဘီစီဒီ စက်အလုံး ၃၀ လှူဒါန်း

ရန်ကုန် မေ ၁၃

Fame Hotel & Trade Co., Ltd.နှင့် ငွေစင်ဦးကျန်းမာရေးမိသားစုမှ စတုတ္ထအကြိမ်အဖြစ် ငွေကျပ် ၅၂ သိန်းရှစ်သောင်းတန်ဖိုးရှိ သွေးလည်ပတ်မှုကောင်းစေသည့် M.H Shalu အမှတ်တံဆိပ် Blood Circulation Device (B.C.D)စက်အလုံး ၃၀ နှင့် ပစ္စည်းစုံပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ရိပ်သာ၌ ကျင်းပရာ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းထံ သွေးလည်ပတ်မှုကောင်းစေသည့် B.C.D စက်အလုံး ၃၀ ကို Fame Hotel & Trade Co., Ltd. နှင့် ငွေစင်ဦး ကျန်းမာရေး မိသားစုမှ ဦးခင်မောင်ကျော်၊ ဒေါ်နီ(ခ) ဒေါ်ကြူကြူလွင်တို့က ပေးအပ်လှူဒါန်းကြသည်။



ထို့နောက် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက B.C.D စက်ရှစ်လုံးကို ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး အောက်ရှိ တပ်မတော် ဆေးရုံများအတွက်လည်းကောင်း၊B.C.D စက် ၂၂ လုံးကို ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံကြီးများအတွက် လည်းကောင်းလွှဲပြောင်းပေးအပ်ပြီး ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ်က ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ စတင်ရုပ်သိမ်း ရက်သတ္တနှစ်ပတ်အတွင်း အားလုံးထွက်ခွာမည်

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက် မေ ၁၂

အီရတ်နိုင်ငံရှိ ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံမှ စတင်ရုပ်သိမ်းနေပြီး ရက်သတ္တနှစ်ပတ်အတွင်း အားလုံးထွက်ခွာနိုင်မည်ဖြစ်ကြောင်း အပေါင်းပါတပ်ဖွဲ့ စစ်ဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အင်္ဂါနေ့က ပြောကြားသည်။ အီရတ်နိုင်ငံမှ ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များ ဆက်လက်ရုပ်သိမ်းနေပြီး မေ ၂၇ ရက်တွင် ရုပ်သိမ်းမှုလုပ်ငန်းစဉ် ပြီးစီးသွားမည်ဖြစ်ကြောင်း ပိုလန်နိုင်ငံဦးဆောင်သည့် တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အီရတ်နိုင်ငံတောင်ပိုင်းနှင့် အီရတ်နိုင်ငံအလယ်ပိုင်းတွင် ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ထားကြသည်။

စပိန်နိုင်ငံက ၎င်း၏တပ်ဖွဲ့ဝင် ၁၄၀၀ ခန့်ကို အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ချက်ချပြီးနောက် ဟွန်ဒူးရပ်စ်နိုင်ငံကလည်း ၎င်း၏တပ်ဖွဲ့ ၃၇၀ ကို နှစ်လအတွင်း ရုပ်သိမ်းရန် စီစဉ်ခဲ့ကြောင်းဖြင့် ဧပြီ ၂၀ ရက်က ကြေညာခဲ့ရာ အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏ အပေါင်းပါတပ်ဖွဲ့များအား ထိုးနှက်ချက် တစ်ရပ်ဖြစ်သည်။

စပိန်တပ်ဖွဲ့က အယ်ဆာဗေဒို၊ ဟွန်ဒူးရပ်စ်၊ နီကာရာဂွာနှင့် ဒိုမိုနီကန်နိုင်ငံတို့မှ တပ်ဖွဲ့ဝင်များအား စစ်ဦးစီးကွပ်ကဲလျက်ရှိသည်။

ပြန်လည်ခေါ်ယူမည်

နီကာရာဂွာနိုင်ငံက ၎င်း၏ တပ်ဖွဲ့များအား အလှည့်ကျ အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ၎င်း၏ တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီလအတွင်းက ဌာနေသို့ပြန်ခေါ်ထားပြီး ၎င်း၏ တပ်ဖွဲ့ဝင်များကို ကုလသမဂ္ဂ ငြိမ်းချမ်းရေး မစ်ရှင်အဖွဲ့၏ အစိတ်အပိုင်း တစ်ရပ်အရသာ အီရတ်နိုင်ငံသို့ ပြန်လည်စေလွှတ်မည် ဖြစ်ကြောင်း ပြောကြားသည်။ ဒိုမီနီကန်နိုင်ငံက ၎င်း၏ တပ်ဖွဲ့ဝင်များအား မကြာမီ ဌာနေသို့ ပြန်လည်ခေါ်ယူ မည်ဟု ကြေညာသည်။

အယ်ဆာဗေဒိုနိုင်ငံက ၎င်း၏ တပ်ဖွဲ့ဝင်များအား ဩဂုတ်လတွင် ဌာနေပြန်မလာမီအထိ အီရတ်တွင် ဆက်လက်ထားရှိမည်ဟု ပြောကြားသည်။

ဟွန်ဒူးရပ်စ်တပ်ဖွဲ့များ ဇူလိုင်လ မတိုင်မီအထိ အီရတ်နိုင်ငံတွင် ဆက်လက်နေထိုင်မည်ဟု ဟွန်ဒူးရပ်စ်က မူလကကြေညာထားရာ ၎င်းတို့၏ တာဝန်ယူမှုသက်တမ်း ကုန်ဆုံးပါက ဟွန်ဒူးရပ်စ် တပ်ဖွဲ့ဝင်များအနေဖြင့် မိုင်းရှင်းရေးလုပ်ငန်းများနှင့် ဆေးဝါး ဖြည့်ဆည်းရေး လုပ်ငန်းများကိုသာ ဆောင်ရွက်မည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၁၁ ရက်က ဘဂ္ဂဒက်ဆင်ခြေဖုံးဒေသတွင် ကင်းလှည့်စောင့်ကြပ်နေသည့် မျက်နှာဖုံးစွပ် လက်နက်ကိုင် အီရတ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအပေါ် ပြုမူဆက်ဆံပုံ ဂျာမန် နိုင်ငံရေးပါတီများက ဝေဖန်ရှုတ်ချ

ဘာလင် မေ ၁၂

ဂျာမနီနိုင်ငံ အထင်ကရ နိုင်ငံရေးပါတီများမှ တာဝန်ရှိပုဂ္ဂိုလ်များသည် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများနှင့်ပတ်သက်၍ ရိုင်းပျစွာ ဆက်ဆံခဲ့မှုကို တနင်္လာနေ့က အပြင်းအထန် ဝေဖန်ပြောကြားကြသည်။

တောင်းဆို

မိမိ၏ပါတီက အီရတ်အကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းခံရမှု ဖြစ်ရပ်အပေါ် ပြင်းပြင်းထန်ထန် စစ်ဆေးရန် တိုက်တွန်းလိုက်ပြီး အမေရိကန်ပြည်ထောင်စုအနေဖြင့် နိုင်ငံရေးအရ တာဝန်ယူရန် တောင်းဆိုကြောင်းဖြင့် ဂရင်းပါတီဥက္ကဋ္ဌ အင်ဂျလီကာ ဘီယာက ပြောကြားသည်။

မလုံလောက်

ယင်းနှိပ်စက် ညှဉ်းပန်းမှုနှင့် ပတ်သက်၍ ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်ရာထူးမှ နုတ်ထွက်ခြင်းဖြင့် လုံလောက်မှုမရှိကြောင်း၊ အမေရိကန်အစိုးရအနေဖြင့် နိုင်ငံတကာ ပြစ်မှုခုံရုံးတစ်ခု ဖွင့်လှစ်ရန် ခွင့်ပြုပေးခြင်းအားဖြင့် အာရပ်ကမ္ဘာ၏ ယုံကြည်ကိုးစားမှုရရှိရန် ကြိုးပမ်းသင့်ကြောင်း အင်ဂျလီကာက ပြောကြားသည်။

သိက္ခာပိုင်းဆိုင်ရာပြဿနာ

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုသည် နိုင်ငံရေးနှင့် အကျင့်သိက္ခာပိုင်းဆိုင်ရာ ပြဿနာဖြစ်ကြောင်း ခရစ်ယာန်ဆိုရှယ်ယူနီယံပါတီဥက္ကဋ္ဌ အက်ဒမန်စတွိုင်ဘာက ပြောကြားသည်။

ယင်းနှိပ်စက်ညှဉ်းပန်းမှုအတွက် တာဝန်ရှိသူများအနေဖြင့် ညှဉ်းပန်းမှုအတွက် တာဝန်ယူသင့်ကြောင်း၎င်းက ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်အကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းခံရမှု အထောက်အထားများကို စနစ်တကျ စုံစမ်းစစ်ဆေးရန် အီတလီဝန်ကြီးချုပ် တိုက်တွန်း

ရောမ မေ ၁၂

အီရတ်နိုင်ငံရှိ အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်အချို့၏ နှိပ်စက် ညှင်းပန်းမှုဆိုင်ရာ သက်သေအထောက်အထားများနှင့် ပတ်သက်၍ အမေရိကန်အစိုးရက လေးလေးနက်နက်နှင့် စနစ်တကျ စုံစမ်းစစ်ဆေးရန် အီတလီဝန်ကြီးချုပ် ဘာလူစကိုနီက တနင်္လာနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။ အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းထောင်မှ အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု ကျူးလွန်သူ မည်သူ့ကိုမဆို ကြီးလေးသည့်ပြစ်ဒဏ်များပေးသင့်ကြောင်း ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

စံနမူနာပြ

၎င်းနှိပ်စက်ညှဉ်းပန်းမှုနှင့် စပ်လျဉ်း၍ လေးလေးနက်နက်နှင့် စနစ်တကျ စစ်ဆေးရမည်ဖြစ်ကြောင်း၊ ပြစ်ဒဏ်ပေးမှုသည် စံနမူနာပြ ဖြစ်ရမည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုအဖွဲ့၏ လုပ်ငန်းစဉ်မူဘောင်အတွင်းမှ ယင်းတပ်ဖွဲ့ဝင်များ အီရတ်တွင် လုပ်ငန်းဆောင်ရွက်ခြင်းရှိ၊ မရှိ စစ်ဆေးပါရန် မိမိတိုက်တွန်းကြောင်းဖြင့် ၎င်းက ဆက်လက်ပြောကြားသည်။

တားဆီး

ဘာလူစကိုနီက အကျဉ်းသားများ အနှိပ်စက်ခံရသည့် သတင်းအသေးစိတ်ဖော်ပြချက်များနှင့် စပ်လျဉ်း၍ ကြီးမားသည့် ထိခိုက်နစ်နာမှုကြီးဖြစ်ရကြောင်း၊ ယင်းလုပ်ရပ်သည် အကျဉ်းသားများ၏ ဂုဏ်သိက္ခာကိုထိခိုက်စေပြီး အီရတ်နိုင်ငံ၏ အေးချမ်းမှုကို အတားအဆီးတစ်ရပ်ဖြစ်စေကြောင်း ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၁၁ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် အင်အားပြနေသည့် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ နောက်လိုက်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ အီတလီတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် အတိုက်အခံများက ဝန်ကြီးချုပ်ကို ဖိအားပေး

ရောမ မေ ၁၂

အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့ကို လှုပ်ခါသွားစေသည့် အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သည့် ကျော်မကောင်း ကြားမကောင်းဖြစ်ရပ် ပေါ်ပေါက်ပြီးနောက် အီတလီတပ်ဖွဲ့ဝင်များကို အီရတ်မှ ပြန်ခေါ်ပေးရန် အတိုက်အခံခေါင်းဆောင်များက အီတလီဝန်ကြီးချုပ် ဆီလ်ဗီယိုဘာလူစကိုနီအား ဖိအားပေးလာကြသည်။

အီတလီဝန်ကြီးချုပ် ဘာလူစကိုနီသည် လာမည့် ရက်သတ္တပတ်တွင် ဝါရှင်တန်၌ အမေရိကန်သမ္မတ ဘုရှ်နှင့် တွေ့ဆုံရန်ရှိသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်အား ရာထူးမှထွက်ပေးရေး တောင်းဆိုရန် အဆိုပါ ဝါရှင်တန်ခရီးစဉ်ကို အသုံးပြုသင့်ကြောင်းဖြင့် အတိုက်အခံများက ပြောဆိုသည်။

မိမိတို့ဝန်ကြီးချုပ်က အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်အား ရာထူးမှဖယ်ရှားပေးရန် သမ္မတဘုရှ်အား မတောင်းဆိုလျှင် မိမိတို့စပိန်တပ်ဖွဲ့ဝင်များကို အီရတ်၌ နောက်ထပ် ရက်သတ္တပတ်ပင်ပို၍ မထားသင့်ကြောင်း အတိုက်အခံတစ်ဦးဖြစ်သူ ဖရန်စက်စကိုက ပြောကြားသည်။

မိမိတို့ နိုင်ငံအနေဖြင့် နိုင်ငံတကာယုံကြည်မှုဂုဏ်ကို ရယူလိုလျှင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်အား ရာထူးမှထွက်ပေးရန် တရားဝင်မေတ္တာရပ်ခံရတော့မည် ဖြစ်ကြောင်း ဗဟိုလက်ဝဲခေါင်းဆောင်က သတင်းစာတွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၁၁ ရက်က အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆာရာမြို့လယ်တွင် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ နောက်လိုက်လက်နက်ကိုင် အီရတ်နှစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအား နှိပ်စက်မှု စက်ဆုပ်စရာကောင်း စစ်စည်းကမ်းကို တိုက်ရိုက် ချိုးဖောက်ရာရောက်ဟုဆို

ဝယ်လင်တန် မေ ၁၂

အီရတ် အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုသည် ရွံရှာစက်ဆုပ်ဖွယ်ကောင်းပြီး စစ်စည်းကမ်းကို စော်ကားခြင်းလည်းဖြစ်ကြောင်း နယူးဇီလန် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ် ဂျယ်ရီ မက်တီပရေးက ပြောကြားလိုက်သည်။

ပြောကြား

အီရတ် အကျဉ်းသားများအား အရှက်ရစေသည့်ပုံများကို မြင်တွေ့ရသူတိုင်းက "စက်ဆုပ်ဖွယ်ကောင်းပြီး စစ်စည်းကမ်းကို တိုက်ရိုက်ချိုးဖောက်ခြင်းဖြစ်သည်"ဟု ပြောကြားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်မက်တီပရေးက ပြောကြားသည်။

ရေးသား

အီရတ်တွင် အမေရိကန်နှင့် အပေါင်းပါတို့၏ စစ်ရေးလုပ်ဆောင်မှုများကို ထိခိုက်နိုင်သည့် ဝေဖန်မှုကို ပြောကြားသူသည် ထိန်းထိန်းသိမ်းသိမ်းရှိကြောင်း၊ သို့သော် အမေရိကန်သမ္မတဘုရှ်ကိုယ်တိုင် ဝန်ချတောင်းပန်သည်အထိ ကြီးမားသော ပြဿနာတစ်ရပ်အဖြစ် ရောက်ရှိလာခြင်းကြောင့် သူက ဝေဖန်ပြောကြားခြင်းဖြစ်ကြောင်းဖြင့် ဒိုမီနီယံပို့စ်က ရေးသားလိုက်သည်။

သွားရောက်ခဲ့

ဗိုလ်ချုပ် မက်တီပရေးသည် နယူးဇီလန်အင်ဂျင်နီယာတပ်ဖွဲ့ရှိရာဘာဆာရာမြို့သို့ မကြာမီက သွားရောက်ခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်အား အမေရိကန် သိမ်းပိုက်ထားမှု အမြန်အဆုံးသတ်ရေး ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို အာရပ်နိုင်ငံများ တိုက်တွန်း

ကိုင်ရို မေ ၁၁

အမေရိကန် ဦးဆောင်သည့်တပ်များ အီရတ်သိမ်းပိုက်ထားမှုအား အမြန်ဆုံး အဆုံးသတ်စေမည့် နည်းလမ်းများ ရှာကြံဆောင်ရွက်ပေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား တိုက်တွန်းထားသော အီရတ်ဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို အာရပ်နိုင်ငံခြားရေးဝန်ကြီးများက ရေးဆွဲအတည်ပြုလိုက်ပြီ ဖြစ်ကြောင်း အီဂျစ်နိုင်ငံသတင်းဌာနမှ တနင်္လာနေ့က ကြေညာသည်။

ကိုင်ရိုရှိ အာရပ်အဖွဲ့ချုပ်၌ ပြုလုပ်သည့် အစည်းအဝေးများတွင် ညှိနှိုင်းအကောင်အထည်ဖော်လိုက်သည့် အာရပ်နိုင်ငံခြားရေးဝန်ကြီးများ၏ အဆိုပါ အီရတ်ဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို ယခုလကုန်တွင် ပြုလုပ်မည့် အာရပ်ထိပ်သီးအစည်းအဝေးသို့ အတည်ပြုချက်ရယူရန် တင်ပြရဦးမည် ဖြစ်သည်။

တောင်းဆို

၎င်းဆုံးဖြတ်ချက်မူကြမ်းက သက်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အားလုံးကို ကြိုဆိုကြောင်း ဖော်ပြထားသည်။ အထူးသဖြင့် အီရတ်ပြည်သူများအား အာဏာလွှဲအပ်ရေးတွင် အချိန်ဇယားပေးရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်များကို လက်ကမ်းကြိုဆိုသည်ဆို၏။

အီရတ်နိုင်ငံ၏ နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားရန်၊ အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် သွေးစည်းညီညွတ်မှုကို လေးစားရန်နှင့် အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး အာမခံရန် အရေးကြီးကြောင်း မူကြမ်းတွင် ဖော်ပြပါရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်သို့ တပ်များစေလွှတ်ရန် ဂျော်ဒန်က မစဉ်းစား

အမ္မန် မေ ၁၁

လောလောဆယ်တွင် အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရန် ဂျော်ဒန်နိုင်ငံက မစဉ်းစားကြောင်းဖြင့် ဂျော်ဒန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ အက်စမာခိုဒါက တနင်္လာနေ့တွင် ပြောကြားသည်။

ထောက်ခံ

အီရတ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အီရတ်ပြည်သူများနှင့် အာရပ်ကမ္ဘာ၏ ကြိုးပမ်းအားထုတ်မှုကို ဂျော်ဒန်နိုင်ငံက ထောက်ခံကြောင်း၊ သို့သော် အာရပ်အဖွဲ့ချုပ်၏ အစီအစဉ်မရှိဘဲ အီရတ်သို့ ဂျော်ဒန်နိုင်ငံက မည်သည့် တပ်ဖွဲ့ဝင်မျှ စေလွှတ်မည်မဟုတ်ကြောင်း အက်စမာခိုဒါက သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ဆွေးနွေးမည်

အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးကိစ္စကို မေ ၂၂ရက်တွင် တူနီးရှား၌ စတင်ပြုလုပ်မည့် အာရပ်ထိပ်သီး အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဂျော်ဒန်နိုင်ငံအနေဖြင့် အာရပ်ထိပ်သီး အစည်းအဝေး ဆုံးဖြတ်ချက်ကို လေးစား အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အက်စမာခိုဒါက ပြောကြား လိုက်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်မှ ဗြိတိန်တပ်ဖွဲ့ ရုပ်သိမ်းရန် ဗြိတိန်နိုင်ငံသားအများစုလိုလား

လန်ဒန် မေ ၁၁

ဗြိတိန်နိုင်ငံသားအများစုက ဗြိတိန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ ဇွန်လကုန်တွင် ထွက်ခွာသွားရန် လိုလားကြကြောင်းဖြင့် တနင်္လာနေ့က ထုတ်ပြန်သည့် လူထုသဘောထားစစ်တမ်းတစ်ရပ်အရ သိရသည်။

ဗြိတိန်တပ်ဖွဲ့ဝင်များသည် အီရတ်ယာယီအစိုးရအဖွဲ့ထံသို့ ဇွန် ၃၀ ရက်တွင် အချုပ်အခြာအာဏာလွှဲပြောင်းပေးပြီး အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းသင့်ကြောင်း၊ လူပေါင်း ၁၀၀၁ဦး၏ သဘောထားမေးမြန်းရာတွင် ၅၅ ရာခိုင်နှုန်းက ယင်းသို့ ပြောကြားကြကြောင်းဖြင့် အထက်ပါစစ်တမ်းက ဖော်ပြသည်။ ယင်းလူထုသဘောထားစစ်တမ်းကို အင်ဒီပင်းဒင့်သတင်းစာအတွက် ကောက်ယူခဲ့ခြင်းဖြစ်သည်။

လူ ၁၀၀၁ ဦးအနက် ၂၈ရာခိုင်နှုန်းက ဖော်ပြပါသဘောထားကို ဆန့်ကျင်ပြီး ၁၇ ရာခိုင်နှုန်းက ၎င်းတို့၏ သဘောထားကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ အင်အိုပီ လူထုသဘောထားစစ်တမ်းကောက်ယူရေးကုမ္ပဏီက လူ ၁၀၀၁ ဦးတို့အား တယ်လီဖုန်းဖြင့် ဆက်သွယ်မှုကို အခြေခံကာ ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အတွင်း စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

ဗြိတိသျှပြည်သူလူထုက အီရတ်စစ်ပွဲ ဖြစ်ပွားမှုအပေါ် အပြင်းအထန်ဆန့်ကျင်လျက်ရှိနေလင့်ကစား ဗြိတိန်နိုင်ငံက ၎င်း၏တပ်ဖွဲ့ဝင် ၇၅၀၀ တို့ကို အီရတ်နိုင်ငံတောင်ပိုင်းဒေသတွင် ဖြန့်ကြက်ထားသည်။

အမေရိကန်ဦးဆောင် အပေါင်းပါတပ်ဖွဲ့က လာမည့်လကုန်တွင် အီရတ်ယာယီအစိုးရအဖွဲ့အား အချုပ်အခြာအာဏာလွှဲပြောင်းပေးရန် စီစဉ်ထားသည်။ သို့ရာတွင် တပ်ဖွဲ့ဝင် ၁၃၅၀၀၀ ပါဝင်သည့် အမေရိကန်တပ်ဖွဲ့က အီရတ်နိုင်ငံတွင် ဆက်လက်တပ်စွဲသွားမည်ဖြစ်သည်။ ***အင်တာနက်။***

စောင့်ဆိုင်း

ဖမ်းဆီးခံထားရသည့် ဆွေမျိုးသားချင်းများ၏ သတင်းကို သိရှိရန် စောင့်ဆိုင်းနေသည့် အီရတ်များကို မေ ၁၁ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင် အပြင်ဘက်တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အယ်လ်ဆာဒါ၏ ရုံးအဆောက်အအုံ အမေရိကန်စစ်လေယာဉ် ဗုံးကြဲတိုက်ခိုက်

ဘဂ္ဂဒက် မေ ၁၁

ဘဂ္ဂဒက်မြို့တော်မှ ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ ရုံးအဆောက်အအုံကို အမေရိကန်စစ်လေယာဉ်က တနင်္လာနေ့ စောစောပိုင်းတွင် ဗုံးကြဲတိုက်ခိုက်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

အမေရိကန် လေယာဉ်သည် တနင်္လာနေ့ နံနက် ၂ နာရီတွင် အယ်လ်ဆာဒါ၏ ရုံးအဆောက်အအုံကို အနည်းဆုံး ဗုံးတစ်လုံးကြဲချလိုက်ပြီးနောက် အဆောက်အအုံမှာ ပျက်စီးသွားပြီဖြစ်ကြောင်း မျက်မြင်တွေ့သူများက ပြောဆိုသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အမေရိကန်စစ်ဘက်က ချက်ချင်းထုတ်ဖော်ပြောကြားခြင်း မရှိပေ။ အယ်ဆာဒါ၏ နောက်လိုက်ခုခံရေးသမား ၁၉ ဦးတို့ တိုက်ပွဲများ ဖြစ်ပွားစဉ် သေဆုံးသွားသည်ဟူ၍သာ အမေရိကန်စစ်ဘက်က ပြောဆိုသည်။

ဖမ်းဆီး

အမေရိကန် တပ်ဖွဲ့ဝင်များသည် တနင်္ဂနွေနေ့နံနက်ပိုင်းက အယ်လ်ဆာဒါရုံးကို ဝင်စီးပြီး လူနှစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း၊ တစ်ဦးမှာ အယ်လ်ဆာဒါ၏ စစ်တပ်ကို ငွေကြေးထောက်ပံ့သူတစ်ဦးဖြစ်ကြောင်း အမေရိကန် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ကျူးဘားကိုပိတ်ဆို့မှု အမေရိကန်ကို ချာဗက်ဇ် ပြစ်တင်ရှုတ်ချ အမေရိကန်သည် အကြမ်းဖက် နိုင်ငံဖြစ်သည်ဟု ပြောဆို

ကာရာကာ့စ်(ဗင်နီဇွဲလား) မေ ၁၃

အမေရိကန်အစိုးရသည် ကျူးဘားနိုင်ငံကို သပိတ်မှောက်ထားပြီး တင်းတင်းကျပ်ကျပ် ပိတ်ဆို့မှုများ ပြုလုပ်ထားသည်။ ထိုသို့ ပြုလုပ်လိုက်သည့်အတွက် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က အမေရိကန်နိုင်ငံကို ပြစ်တင်ရှုတ်ချလိုက်သည့်အပြင် အမေရိကန်သည် အကြမ်းဖက်နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟူ၍ပါ ပြောဆိုလိုက်သည်။ ထို့ပြင်မကသေးဘဲ ဗင်နီဇွဲလားနိုင်ငံသည် ကျူးဘားနိုင်ငံနှင့် ကုန်သွယ်ရေးတိုးချဲ့ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ချာဗက်ဇ်က ပြောကြားသွားသည်။

အမေရိကန်နိုင်ငံသည် ပြီးခဲ့သော ကြာသပတေးနေ့က ကျူးဘားနိုင်ငံနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်သွားမည့် အစီအစဉ်များကို ကြေညာခဲ့သည်။ ထိုအစီအစဉ်အရ ကျူးဘားနိုင်ငံကို ဒေါ်လာဝင်ငွေ စီးဝင်မှုများ ပြတ်တောက်သွားပြီး ခန်းခြောက်သွားအောင် ဆောင်ရွက်ခြင်းနှင့် ကျူးဘားခေါင်းဆောင် ဖီဒယ်ကက်စထရိုအား ဆန့်ကျင်သော အင်အားစုများကို တိုးချဲ့ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်၏ ကြေညာချက်များ ထွက်ပေါ်လာပြီးနောက် ဗင်နီဇွဲလားနိုင်ငံ၏ခေါင်းဆောင်က အထက်ပါအတိုင်း တိုက်ခိုက်ပြောကြားခဲ့ခြင်းဖြစ်သည်။ ဗင်နီဇွဲလားခေါင်းဆောင်သည် လက်ယာအယူအဆရှိသူခေါင်းဆောင်တစ်ဦးဖြစ်သည်။

အမေရိကန်၏လုပ်ရပ်သည်ကျူးဘားသမ္မတကက်စထရို ရာထူး မှဖြုတ်ချပြီး သတ်ဖြတ်ရန် လှုံ့ဆော်ပေးခြင်းနှင့် ဆူပူမှုများ ဖြစ်ပေါ်လာစေရန် သွေးထိုးပေးခြင်းပင်ဖြစ်၍ ထိုလုပ်ရပ်သည် အမေရိကန်နိုင်ငံက ဦးဆောင်ကာ အကြမ်းဖက်ခြင်း ဖြစ်သည်ဟု ချာဗက်ဇ်က အပြစ်တင်လိုက်သည်။

ကျူးဘားနိုင်ငံကို အမေရိကန်နိုင်ငံသည် အချိန်ကြာမြင့်စွာကပင် စီးပွားရေး အရေးယူ ပိတ်ပင်ထားခဲ့သည်။ ချာဗက်ဇ်သည် ၁၉၉၈ ခုနှစ်တွင် ဗင်နီဇွဲလားနိုင်ငံ၏ ခေါင်းဆောင်အဖြစ် အရွေးချယ်ခံခဲ့ရသည်။ ထိုအချိန်မှစတင်ပြီး ဗင်နီဇွဲလားနိုင်ငံသည် ကျူးဘားနိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံသည် ရေနံများကို အဖိုးနှုန်းချိုသာစွာဖြင့် ကျူးဘားနိုင်ငံသို့ ရောင်းချပေးပြီး ကျူးဘားနိုင်ငံမှ အားကစားနည်းပြများ၊ ဆရာဝန်များနှင့် အခြား ကျွမ်းကျင်သူပေါင်း ၁၀၀၀၀ ကျော်တို့ကို ဗင်နီဇွဲလားနိုင်ငံ၌ အလုပ်အကိုင်များ ပေးထားသည်ဟု ဆိုသည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ၌ အကျဉ်းသားများကို မဖွယ်မရာပြုလုပ်သဖြင့် ကမ္ဘာ့အလယ်တွင် မျက်နှာပျက်နေရသည်။ ထိုကဲ့သို့သော အကျင့်သိက္ခာမဲ့နိုင်ငံမျိုးသည် ကျူးဘားနိုင်ငံ၏ လူ့အခွင့်အရေး ကိစ္စများကို ဝေဖန်ပိုင်ခွင့်ပင်မရှိကြောင်း ဗင်နီဇွဲလားခေါင်းဆောင်က ပြောကြားခဲ့သည်။အမေရိကန်အစိုးရသည် ၎င်း၏ ထံတွင် အကြမ်းဖက်သမားများ၏ စာရင်းပြုစုထားသည်ဟုဆိုသည်။ ထိုစာရင်းတွင် အမေရိကန်သည် မိမိကိုယ်မိမိထိပ်ဆုံး မှ စာရင်းသွင်းသင့်သည်ဟု ချာဗက်ဇ်က ပြောကြားခဲ့သည်။

အမေရိကန်က ကျူးဘားနိုင်ငံ၏ အိမ်နီးချင်းများကို ကျူးဘားနိုင်ငံနှင့် ကုန်သွယ်ရေးကိုလည်းကောင်း၊ အခြားအဆက်အဆံများကို လည်းကောင်း လျှော့ချသွားရန် တိုက်တွန်းထားသည်ကို ချာဗက်ဇ်က ဆန့်ကျင်ပယ်ချလိုက်သည်။

ကျူးဘားနိုင်ငံ၏ တောင်ဘက်အလယ်ပိုင်း စင်ဖီဂို့စ်အရပ်တွင် ရုရှားအကူအညီဖြင့် တည်ဆောက်ခဲ့သော ရေနံချက် စက်ရုံတစ်ရုံ တည်ရှိသည်။ ထို ရေနံချက်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန် ဗင်နီဇွဲလားရေနံကုမ္ပဏီကို ချာဗက်ဇ်က အမိန့်ပေးထားပြီးဖြစ်သည်ဟု ဆိုသည်။ ဗင်နီဇွဲလားနိုင်ငံပိုင် ရေနံလုပ်ငန်းအမည်မှာ ပက်ထရိုလီယိုဒီဗင်နီဇွဲလားဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံသည် ၂၀၀၀ ပြည့်နှစ် စွမ်းအင်ဆိုင်ရာသဘောတူညီမှုအရ ကျူးဘားနိုင်ငံသို့ တစ်ရက်လျှင် ရေနံပီပါပေါင်း ၅၃၀၀၀ တင်ပို့ပေးလျက်ရှိသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဆန့်ကျင်ဆန္ဒပြ

မေလ ၁၀ ရက်က လန်ဒန်မြို့တွင် ဗြိတိန်ပြည်သူများက အီရတ်စစ်ပွဲကို ဆန့်ကျင်ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကယ်ကွတ်မြို့ရှိ ဈေးအတွင်း ဗုံးပေါက်ကွဲ လူသုံးဦးသေဆုံးပြီး ၂၂ ဦးထိခိုက်ဒဏ်ရာရ

ကယ်ကွတ်(အီရတ်) မေ ၁၃

အီရတ်နိုင်ငံရေနံထုတ်လုပ်ရာ ကယ်ကွတ်မြို့၏ လူစည်ကားရာဈေးအတွင်း အင်္ဂါနေ့က ဗုံးတစ်လုံးပေါက်ကွဲရာ လူသုံးဦးသေဆုံးပြီး လူ ၂၂ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်းဖြင့် အီရတ်ရဲတပ်ဖွဲ့ကပြောကြားသည်။

ဈေးဝယ်သူများနှင့် စည်ကားနေချိန် နံနက် ၉ နာရီခွဲခန့်က တိုက်ခိုက်မှုဖြစ်ပွားကြောင်း ဗိုလ်မှူးကြီးအာမက်ဆလမ်မာ့ဇ်က ပြောကြားသည်။ ကာ့ဒ်၊ တာခ်မင်နှင့် အာရပ်လူမျိုးတို့နေထိုင်ရာ ကယ်ကွတ်မြို့သည် မကြာမီလများအတွင်း မငြိမ်မသက်ဖြစ်ခဲ့သည်။

ယင်းပေါက်ကွဲမှုတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူ ငါးဦးမှာ ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူဦးရေ မြင့်တက်လာနိုင်ကြောင်း ကယ်ကွတ်ရဲတပ်ဖွဲ့မှူးရာကိုရှာကာက ပြောကြားသည်။

အဆိုပါဗုံးကို ဓာတ်ငွေ့ဘူးကိုအခြေခံ၍ ပြုလုပ်ထားခြင်းဖြစ်ပြီး ဈေးသွားရာလမ်းတွင် ဝှက်ထားခဲ့ခြင်းဖြစ်ကြောင်း အခြားရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် လျှပ်စစ်ဓာတ်အားပေးကြိုးများ ပြတ်ကျကုန်ပြီး ဈေးမှသစ်သားဖြင့်ပြုလုပ်ထားသည့် ဈေးဆိုင်များ မီးလောင် ကုန်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ကယ်ကွတ်မြို့တွင် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကာ့ဒ်လူမျိုးများ၏ နိုင်ငံရေးပါတီရုံးများ အများအပြားရှိနေရာ ကာ့ဒ်လူမျိုးရဲတပ်ဖွဲ့ဝင်များမှာ ပစ်မှတ်အဖြစ် သတ်မှတ်ခံရပြီး မကြာခဏတိုက်ခိုက်ခံနေရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ရှိအကျဉ်းထောင်များ၌ကလေးငယ်များနှိပ်စက်ခံရမှု စိုးရိမ်မကင်းဖြစ်မိကြောင်း ယူနီဆက်ဖ်ပြောကြား

ဂျီနီဗာ မေ ၁၃

အီရတ်နိုင်ငံမှ အကျဉ်းထောင်များတွင် ကလေးငယ်များသည်လည်း နှိပ်စက်ညှဉ်းပန်းမှု ခံရဖွယ်ရှိသည်ဆိုသည့် သတင်းများကြောင့် စိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂ ကလေးငယ်များရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က အင်္ဂါနေ့တွင် ပြောကြားသည်။

အကျဉ်းကျနေသည့် ကလေးငယ်များအား နှိပ်စက်ညှဉ်းပန်းမှုသည် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ယူနီဆက်ဖ် ပြောရေးဆိုခွင့်ရှိသူ ပါဆန်နက်ဇ်က ပြောကြားသည်။

နှိပ်စက်ညှဉ်းပန်း ခံရမှုများထဲတွင် ကလေးငယ်များလည်း ပါဝင်ဖွယ်ရှိသည်ဆိုသော သတင်းများကို ယူနီဆက်ဖ်က စိတ်ပျက်မိကြောင်း ၎င်းက ပြောကြားသည်။

ဘဂ္ဂဒက်ရှိအဘူဂါရိပ်အကျဉ်းထောင်မှ အမေရိကန် အစောင့်များသည် ငယ်ရွယ်သည့် ယောကျ်ားလေးများအား အဓမ္မကျင့်နေသည့်ပုံများကို ဗီဒီယိုတိပ်ခွေတွင် တွေ့ရှိရကြောင်း အင်ဘီစီရုပ်မြင်သံကြားက ထုတ်လွှင့်သည်။

ကလေးငယ်များသည် စစ်ဆေးမေးမြန်းနေစဉ် နှိပ်စက်ညှဉ်းပန်းခံရကြောင်း ဗြိတိသျှသတင်းစာများက ဖော်ပြသည်။

ကလေးငယ်များအား နှိပ်စက်ညှဉ်းပန်းမှုသည် ကလေးငယ်များဆိုင်ရာ ကုလသမဂ္ဂသဘောတူ စာချုပ်များသာမကဘဲ စစ်ပွဲနှင့် ပတ်သက်သည့် ဂျီနီဗာကွန်ဗင်းရှင်းကိုပါ ချိုးဖောက်ခြင်းဖြစ်ကြောင်း ယူနီဆက်ဖ်က အလေးအနက်ထား ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ

ဆမ်မာဝါမြို့တွင် လက်ပစ်ဗုံးဖြင့် ပစ်ခတ်မှုဖြစ်ပွား ဒတ်ချ်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

အမ်စတာဒမ် မေ ၁၃

အီရတ်နိုင်ငံတောင်ပိုင်းရှိ ဆမ်မာဝါမြို့တွင် လက်ပစ်ဗုံးဖြင့် တိုက်ခိုက်မှုဖြစ်ပွားရာ ဒတ်ချ်နိုင်ငံသား တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိသွားကြောင်း ကာကွယ်ရေးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

ဒတ်ချ်တပ်ဖွဲ့ဝင် ၁၂၀၀ ခန့် လွန်ခဲ့သည့်နှစ် ဇူလိုင်လတွင် အီရတ်နိုင်ငံအတွင်း ဖြန့်ကြက်ချထားပြီးကတည်းက အီရတ်နိုင်ငံတွင် ပထမဆုံးအဖြစ်သေဆုံးသွားသည့် ဒတ်ချ်တပ်ဖွဲ့ဝင်ဖြစ်ကြောင်း ဖော်ပြပါဌာန၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။ ဆမ်မာဝါမြို့ တံတားပေါ်ရှိ ဒတ်ချ်တပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းတိုက်ခိုက်မှုကြောင့် ဒတ်ချ်တပ်ဖွဲ့ဝင်ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားပြီး ယင်းတို့ထဲမှ တပ်ဖွဲ့ဝင်တစ်ဦးအား စစ်မြေပြင်ဆေးရုံသို့ ပို့ဆောင်ပြီးနောက် သေဆုံးသွားသည်။ အဆိုပါ တိုက်ခိုက်သူများနှင့် ဒတ်ချ်တပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှုရှိသည်ဟု မိမိယုံကြည်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဒတ်ချ်ဝန်ကြီးချုပ် ပီတာဘောလကုန်နန်ဒီနှင့် ကာကွယ်ရေးဝန်ကြီး ဟင်ကင့်မ်တို့သည် အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားပြီးသည့်နောက် ခရီးစဉ်အား အတိုချုံးပစ်မည်ဖြစ်ကြောင်း ဒတ်ချ်အေအင်ပီ သတင်းဌာနက ဖော်ပြသည်။

ဒတ်ချ်ပြည်သူအများစုက အီရတ်နိုင်ငံသို့ ဒတ်ချ်တပ်ဖွဲ့ဝင်များ စေလွှတ်မှုကို ယခုတိုင် ထောက်ခံနေကြသည်။

လက်ယာစွန်းရောက် ဒတ်ချ်အစိုးရအဖွဲ့သည် အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များအား ဇူလိုင်လကျော်လွန်သည်အထိ ရက်တိုးမြှင့်မှုရှိ၊ မရှိနှင့် ပတ်သက်၍ မကြာမီအချိန်အတွင်း ဆုံးဖြတ်ရမည်ဖြစ်သည်။ အတိုက်အခံလေဘာပါတီက အီရတ်သို့ ဒတ်ချ်တပ်ဖွဲ့ဝင်များ စေလွှတ်မှုကို ကနဦးအနေဖြင့် ထောက်ခံခဲ့သော်လည်း ရက်တိုးမြှင့်မှုကိုမူ ဆန့်ကျင်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

ရုရှားကျွမ်းကျင်သူတစ်ဦး အီရတ်၌အသတ်ခံရပြီး နှစ်ဦးပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် မေ ၁၃

ဘဂ္ဂဒက်မြို့တော်အနီး လျှပ်စစ်ဓာတ်အားစက်ရုံတွင် အလုပ်လုပ်နေသည့် ရုရှားကျွမ်းကျင်သူတစ်ဦးကို အမည်မသိ သေနတ်သမားများက သတ်ဖြတ်လိုက်ပြီး နှစ်ဦးကိုပြန်ပေးဆွဲလိုက်ကြောင်းဖြင့် အက်ဇာမန်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြလိုက်သည်။

တိုက်ခိုက်ခံရ

မစ်ဆာယက်ရှိ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးတွင် လုပ်ကိုင်နေသည့် ရုရှားကျွမ်းကျင်သူတစ်စုတို့ ဘဂ္ဂဒက်မြို့တော်သို့ အပြန်တွင် အတိုက်ခိုက်ခံရကြောင်း အီရတ်လျှပ်စစ်ဝန်ကြီးဌာန သတင်းရုပ်ကွက်က ပြောဆိုသည်။

သေနတ်သမားများက ရုရှားကျွမ်းကျင်သူတစ်ဦးကို သတ်ဖြတ်လိုက်ပြီး အခြားနှစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးပြန်ပေးဆွဲခဲ့သည်ဆို၏။

အီရတ်တွင် ဧပြီလအတွင်းကလည်း ရုရှားနိုင်ငံသားရှစ်ဦးတို့ ပြန်ပေးဆွဲခံခဲ့ရပြီး နောက်ပိုင်းတွင် ပြန်လွှတ် ပေးလိုက်သည်။ ထိုအချိန်မှစ၍ ရုရှားအစိုးရက အီရတ်မှ ရုရှားအလုပ်သမားအားလုံးကို ပြန်ခေါ်ခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၁၀ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ရေနံပိုက်လိုင်း မီးလောင်နေစဉ် လုံခြုံရေး စောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်

ရန်ကုန် မေ ၁၃

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း အမှတ်(၃)ဝိုင်း ဒေးဒရဲကျောင်းတိုက်အတွင်း ဆုတောင်းပြည့် ကြေးတော်ကြီးဘုရား သီတင်းသုံး အပူဇော်ခံလျက်ရှိရာ ဂန္ဓကုဋိကျောင်းတိုက်အတွင်းအပတ်စဉ် အဖိတ်နေ့ (ဝါတွင်းဝါပ)၊ သီတင်းဥပုသ်နေ့(ဝါတွင်းဝါပ)နှင့် လစဉ်လပြည့်နေ့တိုင်း ဝါတွင်းဝါပတို့တွင် ည၇နာရီမှစ၍ နယ်လှည့်ဓမ္မကထိက ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်သည်။ (က-ပ)

ပြုံးခြင်းခွဲတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၃)

ပေါက်စ

ပြောလေကဲလေ၊ မန်းလေပြလေဆိုသလို ဘယ့်ကလောက်ပြောပြော ဘယ်လိုမှရှက်ရမှန်းမသိတဲ့အထိ ရှက်ကြောများပြတ်နေကြသလား မသိဘူးဗျာ။ မှန်တာ၊ မှားတာ အရေးမထားဘဲ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို နေ့စဉ်နှင့်အမျှ လုပ်ကြံပုတ်ခတ်တာက တို့အလုပ်ပဲ။ ဟုတ်တာ မဟုတ်တာ အရေးမကြီးဘူး။ အရေးကြီးတာက ဆရာကြီး၊ သမားကြီး၊ ခေါင်းကိုင်ဂုရုကြီးများက တို့ကို ကျေကျေနပ်နပ် ကျော်သပ်ရင်သပ်နဲ့ ဒေါ်လာမပြတ်အောင် ပေးနေဖို့ပဲ ဖြစ်တယ်ဆိုတဲ့ အတွေးအခေါ်နဲ့ လုပ်နေကြတဲ့ မြန်မာပြည်ပြေးဝရမ်းပြေးများရဲ့ ဒီမိုကရေစီမဟာစီမံကိန်းကတော့ မသိရင်ခက်မယ်လို့ ပြောပါရစေခင်ဗျာ။

၂၀၀၄ ခုနှစ် မေလ ၃ ရက် နံနက် ၆ နာရီမှာ VOA မြန်မာပိုင်းအစီအစဉ်က ဘယ်လိုထုတ်လွှင့်သွားသလဲဆိုတော့ နိုင်ငံတကာသတင်းနှင့် စာနယ်ဇင်း လွတ်လပ်ခွင့်နေ့မှာ မြန်မာသတင်းသမဂ္ဂက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ကြောင်း တင်ပြချက်ဆိုတဲ့ခေါင်းစဉ်နဲ့ မြန်မာပြည်ပြေးဝရမ်းပြေးအုပ်စုရဲ့ မဟုတ်တရုတ် အတင်းအဖျင်းကို သတင်းအဖြစ် ထုတ်လွှင့်သွားခဲ့သလို BBCအသံလွှင့်ဌာနကလည်း အားကျမခံ သူ့ထက်သူလူစွမ်းကောင်းလုပ်ပြသလို အဲဒီမေလ ၃ ရက်နေ့ နံနက် ၆ နာရီခွဲမှာပဲ မြန်မာနိုင်ငံ၏ စာနယ်ဇင်း လွတ်လပ်ခွင့်နှင့်ပတ်သက်၍ သင့်ဘဝမဂ္ဂဇင်းအယ်ဒီတာချုပ် ဦးတင်မောင်သန်းအား မေးမြန်းချက်သတင်းဆိုပြီး ဗျူးအခန်းနဲ့ အရှုံးချေးပန်းထုတ်လွှင့် ပုတ်ခတ်ခဲ့သဗျ။

အဲသဟာနဲ့အပြိုင် VOA ကလည်း သူ့ထက်ကဲရှေ့ပြည်စိုး လုပ်ပြလာပြန်တာက မေလ ၃ ရက်နေ့ ည ၉ နာရီမှာ ဘယ်လိုထုတ်လွှင့်လာသလဲဆိုရင် စာနယ်ဇင်းလွတ်လပ်ခွင့်နှင့်ပတ်သက်၍ ဦးဇင်လင်း၏ အမြင်တင်ပြချက်ဆိုတဲ့ ဗျူးအခန်းနဲ့ပဲ အရှုံးအနှမ်းလို မေးကြဖြေကြသဗျ။ ဟော-နောက်တစ်ခါ လာပြန်ပြီ ဗျို့ဆိုသလို မေလ ၄ ရက်နေ့ နံနက် ၆ နာရီမှာ VOA အသံလွှင့်ဌာနက ထုတ်လွှင့်လာပြန်သဗျ။ ဘာတွေ ထုတ်လွှင့်လာပြန်သလဲဆိုတော့ နယ်ခြားမဲ့ သတင်းထောက်များအသင်း၏ အစီရင်ခံစာအကြောင်း တင်ပြချက်ဆိုပြီး မဟားတရားလုပ်ကြံတဲ့ အတင်းအဖျင်းတွေကို သားသားနားနား သတင်းအဖြစ်နဲ့ ထုတ်ပြန်ခြင်းပြုသဗျ။

သို့ကလိုတွေ VOA နဲ့ BBC တို့က အတင်းအဖျင်းအထုပ်စုတ်တွေကို သတင်းလုပ်ပြီး ထုတ်လွှင့်ခဲ့သမျှဟာ ဘာတစ်ခုမျှ အခြေအမြစ်မရှိတဲ့အကြောင်း ပေါက်စပေါင်းရုံးပြီး ထုတ်နုတ်ရှင်းလင်းပါမယ်ခင်ဗျာ။

အဲသဟာတွေကတော့ မြန်မာပြည်ပြေး ဝရမ်းပြေးနှစ်ယောက်တစ်ပိုင်းနဲ့ ဖွဲ့ထားတဲ့ မြန်မာသတင်းသမဂ္ဂရဲ့ ကြေညာချက်က ဘယ်လိုတွေရေးထားသလဲဆိုရင် “ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဓာတ်ပုံနဲ့ သတင်းတွေကို ဖော်ပြခဲ့တဲ့ ခေတ်မြန်မာဂျာနယ်ဟာ ဒီနှစ်ဧပြီလအထိ ထုတ်ဝေခွင့်မပေးသလို မိုးဂျာနယ်ကိုလည်း သခင်တင်မြတို့၊ သခင်လှကွန့်တို့၊ ရွှေစ(ဟသ်ာတ)တို့စတဲ့ နိုင်ငံရေးသမားကြီးတွေရဲ့ စာမူတွေဖော်ပြလို့ ပိတ်ထားတဲ့အကြောင်း၊ ထင်ရှားတဲ့ စာရေးဆရာကြီးများဖြစ်ကြတဲ့ သမိုင်းသုတေသီဒေါက်တာ သန်းထွန်း၊ လူထုဒေါ်အမာ၊ မြန်မာ့အလင်းသန်းညွန့်တို့ရဲ့ စာတွေကိုလည်း ပိတ်ပင်ထားတဲ့အတွက် မဂ္ဂဇင်း စာစောင်တွေမှာ မမြင်မတွေ့ရတဲ့အကြောင်း” ကြေညာသတဲ့ခင်ဗျာ။

အဲ-ရှိသေးသဗျ။ မြန်မာသတင်းသမဂ္ဂရဲ့ ပြောရေးဆိုခွင့်ရှိသူ အတွင်းရေးမှူး မောင်မောင်မြင့်တို့၊ ထိုင်းနိုင်ငံဆိုင်ရာ တာဝန်ခံဇင်လင်းတို့၊ အမေရိကန်အခြေစိုက် တင်မောင်သန်းတို့ဆိုတဲ့ ပုဂ္ဂိုလ်အထီး အကောင်းစားကြီးတွေက ဘယ်လိုတွေဗျူးအခန်းမှာ အရှုံးချေးပန်း ပြောကြသလဲဆိုတော့ “စာနယ်ဇင်းလွတ်လပ်ခွင့်ပေးဖို့နဲ့ စာနယ်ဇင်းသမားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တဲ့ စာနယ်ဇင်းသမဂ္ဂလို အဖွဲ့အစည်းမျိုး ဖွဲ့စည်းခွင့်ပေးဖို့အကြောင်း ဧပြီ ၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ စာရေးသူ ပေါက်စက ရှမ်းဂျာနယ်တစ်စောင်ဟာ နိုင်ငံရေးကိစ္စတွေ ဖော်ပြခဲ့လို့ ပိတ်တာဖြစ်တယ်ဆိုပြီး ရေးထားတဲ့အကြောင်း” အဲသလိုတွေ သောင်းပြောင်းထွေလာ ကလီကမာစကားတွေနဲ့ မဟားတရားကြီး ပြောခဲ့ဆိုခဲ့ကြသဗျ။

မြန်မာပြည်သူ ခုနစ်ရက်သားသမီးများအားလုံး သိတော်မူကြတဲ့အတိုင်း မြန်မာနိုင်ငံမှာ စာနယ်ဇင်း လွတ်လပ်ခွင့်မရှိဘူးဆိုရင် နေ့စဉ်နှင့်အမျှ တစ်နေ့မပြတ် ရက်သတ္တပတ်ခုနစ်ရက်လုံးလုံး ထုတ်ဝေဖြန့်ချိနေတဲ့ အပတ်စဉ်ဂျာနယ်တွေ၊ စာစောင်တွေ၊ အမျိုးအမည်အထွေထွေနဲ့ ထုတ်ဝေလို့ရမလားခင်ဗျာ။ လစဉ်ထုတ်မဂ္ဂဇင်းတွေဆိုတာကလည်း အမျိုးအမည်အစုံစုံ၊ ဘာသာရပ်အဖုံဖုံနဲ့ တစ်လကုန်တဲ့အထိ ဖတ်လို့မကုန်အောင် လစဉ်ထုတ်နိုင်ပါ့မလားခင်ဗျာ။ အဲသဟာအပြင် စာနယ်ဇင်းသမားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နေတဲ့စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးဆိုတာကလည်း အဖွဲ့ဝင်ပေါင်း ခြောက်ထောင်ကျော် ခုနစ်ထောင်နီးပါးနဲ့ မြို့နယ်ပေါင်းသုံးရာကျော်၊ လေးရာအတွင်း ဖွဲ့စည်းပြီးရှိသဗျ။

ရှင်းရှင်းလေးခင်ဗျ။ မြန်မာနိုင်ငံစာနယ်ဇင်းလောကမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ဓာတ်ပုံနဲ့ ဆောင်းပါးတွေ ဖော်ပြလို့ဆိုပြီး ဘယ်စာနယ်ဇင်းမှ အပိတ်မခံရဘူးဗျာ။ တစ်ခုတော့ရှိသပေါ့ဗျာ။ ကိုယ်ပိုင် အစွမ်းမရှိတဲ့သူတွေက ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ရှေ့တန်းထုတ်ပြီး စိန်နားကပ်ရောင်နဲ့ ပါးပြောင်ချင်တဲ့ အလုပ်မျိုးတော့ ခွင့်မပြုဘူးခင်ဗျ။ ပြောမယ်ဆိုရင် ၁၉၉၄ ခုနှစ်အတွင်းမှာပဲ အားမာန်သစ်စာပေကထုတ်ဝေခဲ့တဲ့ စာပေဂျာနယ်မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းဓာတ်ပုံကို မျက်နှာဖုံးအပြည့်ဖော်ပြခဲ့ပြီး စာအုပ်တစ်အုပ်လုံး ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ အတ္ထုပ္ပတ္တိနဲ့အတူ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ အမျိုးသားရေးစိတ်ဓာတ်တွေ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး ရပ်တည်ချက်တွေ အဲသဟာတွေကို စာပေဂျာနယ်တစ်အုပ်လုံး ရေးသားဖော်ပြခဲ့သဗျ။

အဲသလိုပဲ မိုးဂျာနယ်ကိုလည်း အစိုးရကပိတ်တာမဟုတ်ဘူးခင်ဗျ။ ထုတ်ဝေသူ သခင်အောင်ဖေ ကွယ်လွန်သွားတော့ ဆက်ခံသူ သားသမီးတွေအနေနဲ့ ငွေရေးကြေးရေးအရ အခက်အခဲဖြစ်ပြီး ဆက်မထုတ်နိုင်ခဲ့ဘဲ ခြောက်လလောက် ရပ်နေခဲ့တယ်ဗျာ။ အဲဒီအခြေအနေမှာ ဝါမိုးအောင်စာပေက ထုတ်ဝေခွင့်ငှားပြီး ထုတ်ခဲ့ပေမယ့် အရှုံးဒဏ်မခံနိုင်တော့လို့ ပြန်အပ်လိုက်တယ်ဗျာ။ မိုးဂျာနယ်ဟာ ထုတ်ဝေခွင့် ငှားသူမရှိဘဲ ရှာလည်ပြီး ရပ်စဲနေရာက မုံရွေးစာပေနဲ့ ဆက်သွယ်မိခဲ့လို့ လက်ရှိဒီကနေ့ကာလသမယမှာ ဆက်လက်ထုတ်ဝေနေတယ်ဆိုတာ တွံ-သင် မြန်မာပြည်ပြေးဝရမ်းပြေးများ ဂဏှာဟိမှတ်ကြလေလော့၊ မှတ်လေတော့။

ဘယ့်နှယ်ဗျာ။ မြန်မာနိုင်ငံရဲ့ စာနယ်ဇင်းလောကအခြေအနေကို နကန်းတစ်လုံးမျှမသိတဲ့ မြန်မာပြည်ပြေးဝရမ်းပြေးတွေက ရမ်းတုတ်မှန်းတုတ် လုပ်ကြံစွပ်စွဲတာတွေကို VOA နဲ့ BBC တို့က ခပ်တည်တည်နဲ့ လိမ်လည်ထုတ်လွှင့်နေတာကတော့ နိုင်ငံတကာမီဒီယာလောကအလယ်မှာ ရှယ်ဖွယ်၊ ရှယ်ဖွယ်ဆိုတဲ့ စကားနဲ့ပဲ ပေါက်စ သနားတယ်ဗျာ။

ရှင်းရှင်းလေးခင်ဗျ။ ဒီနေ့ မြန်မာစာနယ်ဇင်းနယ်ပယ်မှာ နိုင်ငံတော်အစိုးရက စာနယ်ဇင်းထုတ်ဝေခွင့်တွေကို အလုံးအရင်းလိုက် အောတိုက်ပြီး ပေးခဲ့တော့ ထုတ်ဝေတဲ့ စာနယ်ဇင်းတွေကလည်း တစ်ဦးနဲ့တစ်ဦး အပြိုင်အဆိုင် စာဖတ်သူအကြိုက်ဖြစ်အောင် ကြိုးစားရင်းနဲ့ လေ့လော့ရင်းတက်ကျိုးပြီး ရှေ့မတိုးနိုင်ဘဲ ရပ်စဲနေရတဲ့ စာနယ်ဇင်းတွေအများကြီးရှိသဗျ။ အဲသဟာကို ဘာကမျှ နားမလည်ဘဲနဲ့ စာနယ်ဇင်းတစ်စောင်ရပ်သွားတိုင်း အစိုးရကပိတ်လို့၊ စာနယ်ဇင်းလွတ်လပ်ခွင့်မရှိလို့ဆိုပြီး ပါသမျှချေး ပုစွန်ဆိတ်ခေါင်းပေါ်ပုံချဖို့ လုပ်ကြံစွပ်စွဲနေကြတဲ့ မြန်မာပြည်ပြေး ဝရမ်းပြေးတွေရဲ့ အတင်းအဖျင်း သမဂ္ဂနဲ့ နယ်မခြား စည်းမခြား ရမ်းကားစွက်ဖက်နေတဲ့ နိုင်ငံတကာ အတင်းအဖျင်း အသင်းတို့ရဲ့ အတင်းအဖျင်း အထုပ်စုတ်တွေဟာ ဒီနေ့ မြန်မာစာနယ်ဇင်း လောကမှာ ဘယ်လိုမျှ စာရင်းသွင်း အလုပ်ရှုပ်မခံတော့ဘူးဗျာ။

လာလာချည်သေးဗျာ။ ဒေါက်တာ သန်းထွန်းတို့၊ လူထုဒေါ်အမာတို့၊ မြန်မာ့အလင်းသန်းညွန့်တို့ရဲ့ စာတွေလည်း အပိတ်ခံထားရလို့ မဖတ်ရ မမြင်ရပြန်ဘူးတဲ့ခင်ဗျာ။ ပေါက်စတော့ လက်လန်တယ်ဗျာ။ အဲဒီ စာရေးဆရာတွေရဲ့ ဆောင်းပါးတွေဟာ ဂျာနယ်တွေမှာ၊ မဂ္ဂဇင်းတွေမှာ တစ်မိုးလုံးဖျောက်ဆိတ်ဖြစ်နေပြီး လုံးချင်းစာအုပ်အဖြစ်နဲ့လည်း အများကြီး ထုတ်ဝေနေကြတယ်ဗျာ။

အဲသလိုပဲ ဧပြီလ ၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာထဲမှာ ပေါက်စရေးခဲ့တာက “ရှမ်းဘာသာနဲ့ဂျာနယ်တစ်ခုတော့ပေါ်ခဲ့ဖူးတယ်။ အဲဒီဂျာနယ်ကို သက်ဆိုင်ရာက ထုတ်ဝေခွင့်မပြုတာဟာ ဘာနိုင်ငံရေးသတင်းရေးလို့မှ မဟုတ်ဘူးခင်ဗျ။ နိုင်ငံရေးပါတီ ထုတ်ဝေခွင့်ကို နှစ်ပေါက် တစ်ပေါက်ရိုက်ပြီး ကလီကမာနဲ့ အလွဲသုံးစား လုပ်နေတာနဲ့ပတ်သက်လို့ သက်ဆိုင်ရာက ထောက်ပြလိုက်တဲ့အတွက် အလိုက်သိသိရပ်တန်းကရပ်သွားတာခင်ဗျ။ ဘာမှ အရေးမယူခဲ့ရသေးဘူးလို့ ပေါက်စသိရတယ်” ဆိုပြီး သူငယ်တန်းတက်နေတဲ့ ကလေးတောင် နားလည်တဲ့အရေးအသားမျိုးနဲ့ ရိုးရိုးရှင်းရှင်း ရေးထားတာပါဗျာ။ အဲသဟာကို မြန်မာ့အတင်းအဖျင်းသမဂ္ဂရဲ့ အတွင်းရေးမှူးဟူသော ပုဂ္ဂိုလ်အထီး အကောင်းစားကြီး မောင်မောင်မြင့်က ရှမ်းဂျာနယ်တစ်စောင်ဟာ နိုင်ငံရေးကိစ္စတွေ ဖော်ပြလို့ ပိတ်တာဖြစ်တယ်ဆိုပြီး ပေါက်စရေးတာကို ပြောင်းပြန်လှန် ပြောသွားသဗျ။

တစ်ခုတော့ ပေါက်စ အမှတ်တရခံစားနားလည်ခွင့်လွှတ်ရမလို ဖြစ်တယ်ဗျာ။ ကွယ်လွန်သူ စာရေးဆရာ၊ သတင်းစာဆရာ၊ နိုင်ငံရေးသမားကြီး ဦးသိန်းဖေမြင့်က အလံနီသခင်စိုးကြီးဟာ ခေါင်းကို အုန်းပင်စိုက်တဲ့အမြင်နဲ့ လောကကြီးအပေါ် ဇောက်ထိုးမိုးမျှော် ပြောင်းပြန်ကြည့်၊ ပြောင်းပြန်မြင်သူဖြစ်တယ်လို့ ဗိုလ်တထောင်သတင်းစာရဲ့ ပွင့်ပွင့်လင်းလင်းအခန်းမှာ ဝေဖန်ရေးသားခဲ့တာကို ပေါက်စ အမှတ်တရ ဖြစ်လာသဗျ။

အခုလည်းပဲပေါ့လေ။ မြန်မာ့အတင်းအဖျင်းသမဂ္ဂ၊ အတွင်းရေးမှူးဟူသော ပုဂ္ဂိုလ်အထီး အကောင်းစားကြီး မောင်မောင်မြင့်အပါအဝင် မြန်မာပြည်ပြေး၊ ဝရမ်းပြေးများအားလုံးဟာ မြန်မာနိုင်ငံရဲ့ ဖြစ်ထွန်းတိုးတက်လာတဲ့ ပကတိအရှိတရားတွေအပေါ် ခေါင်းကို အုန်းပင်စိုက်ပြီး ဇောက်ထိုးမိုးမျှော် ပြောင်းပြန်မြင်တဲ့ ရောဂါကြီးနဲ့ ပုတ်ခတ်စွပ်စွဲနေကြရှာပါကလားလို့ ပေါက်စ ခံစားနားလည် ခွင့်လွှတ်ချင်လာတယ်ခင်ဗျာ။

ကဲ-ပေါက်စစကားကို နိဂုံးကမ္ပတ် အဆုံးသတ်ပါ့မယ်ခင်ဗျာ။ မြန်မာနိုင်ငံရဲ့ စာနယ်ဇင်းလောကနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့် အခြေအနေမှန်တွေကို အုန်းပင်စိုက်အတွေးအမြင်နဲ့ ဇောက်ထိုးမိုးမျှော် ပြောင်းပြန်ပြန်မြင်ပြီး ပုတ်ခတ်စွပ်စွဲနေတဲ့ မြန်မာ့အတင်းအဖျင်းသမဂ္ဂနဲ့ သူတစ်ပါးနိုင်ငံရဲ့ ပြည်တွင်းရေးမှာ စည်းမဲ့ ကမ်းမဲ့၊ သိက္ခာမဲ့ ကျူးကျော်စွက်ဖက်နေတဲ့ စည်းမရှိဝါးမရှိ နိုင်ငံတကာ အတင်းအဖျင်းသတင်းနဲ့တကွ မြန်မာနိုင်ငံအတွက် အဖျက်သတင်း၊ အပျက်သတင်းမှန်သမျှကို မြိန်မြိန်ရှက်ရှက် တပ်မက်ရူးသွပ်စွာ လက်ခံဖြန့်ဝေထုတ်လွှင့်ပေးနေကြသော VOA နဲ့ BBC တို့အပါအဝင် အားလုံးဟာ အုန်းပင်စိုက် အမြင်ရောဂါသည်တွေ ဖြစ်နေကြတဲ့အတွက် **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** ဆိုတဲ့စကားနဲ့ ပေါက်စ စုတ်တသတ်သတ် သနားနေမိတဲ့အကြောင်း စလောင်းမကူဘဲ မောင်းတဒုဒုခတ်ပြီး ကြေညာအပ်ပါတယ်ခင်ဗျား။ ။

ကျေးလက်အိမ်ရာ စီမံကိန်းစစ်ဆေး

ရန်ကုန် မေ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၄ ရက်တွင် မကွေးတိုင်းအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးလက်အိမ်ရာစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်စစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ချောက်မြို့နယ် စမ်းစုကျေးရွာသို့ ရောက်ရှိပြီး မြို့နယ်စည်ပင် သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်ပေးနေသည့် ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှုများအား စစ်ဆေးခဲ့သည်။ **(ယာပုံ)** ချောက်မြို့နယ်တွင် ကျေးလက် အိမ်ရာစီမံကိန်းအရ ကိုးဆူကျေးရွာတွင် လေးလုံး၊ စမ်းစု ကျေးရွာတွင် ခြောက်လုံး စုစုပေါင်း ၁၀ လုံးအား အိမ်တစ်လုံးလျှင် တန်ဖိုးငွေ ကျပ်ခုနစ်သိန်းဖြင့် ဆောက်လုပ်ပေးနေခြင်းဖြစ်သည်။

ကျေးလက်အိမ်ရာ စီမံကိန်းအရ ပထမအဆင့်အနေဖြင့် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း မကွေးတိုင်း မြို့နယ်ခုနစ်မြို့နယ်တွင် ကျေးလက်ဒေသနေပြည်သူများအတွက် အိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိရာ ယခုအချိန် အထိ အိမ်ရာ ၅၂လုံး ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျေးလက်ဒေသ သန့်ရှင်းသောက်သုံးရေ ဖူလုံစွာရရှိရေး စက်ရေတွင်းလှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် မေ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့် ပြည်နယ်များရှိ ရွေးချယ်ပါသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်းနိုင်

ထိုသို့ဆောင်ရွက်ရာတွင် ရွေးချယ်ပါသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံကျပ်၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်ရန်

စက်ရေတွင်း လှူဒါန်းလိုသူစေတနာရှင်များသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈ သို့လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၁-၂၄၀၁၁၈သို့လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း ၀၁-၂၉၁၉၆၇ သို့လည်းကောင်း၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း ၀၇၁-၂၁၀၁၂ သို့ လည်းကောင်း၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း ၀၆၃-၂၃၁၆၄ သို့လည်းကောင်း၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့)ဖုန်း ၀၂-၅၄၆၅၇ တို့သို့ လည်းကောင်းဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁၃

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ပိဋကတစ်ပုံဆောင် ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အရှင်သောဘဏ (ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မေ ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၅၇၁၂၅၈သို့ဖြစ်စေ မေ ၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က–ပ)

စက်မှုစွမ်းအားခေတ်ကျော်လွှား

ဂန့်ဂေါ–ထီးလင်း–ဆောလမ်းမကြီးပေါ်ရှိ ကြီးချောင်းတံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ

၁၉၈၈ခုနှစ်နောက်ပိုင်း ဂန့်ဂေါခရိုင်အတွင်း ပေ ၁၈၀ အထက် တံတား ၁၀စင်းကို ဆောက်လုပ်ပေးခဲ့

ရန်ကုန် မေ ၁၃

မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် ဂန့်ဂေါ–ထီးလင်း–ကျောက်ထု–ဆော–စေတုတ္တရာ–ငဖဲ ဆက်သွယ်ပေးသော လမ်းပေါ်ရှိ ကြီးချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၉နာရီခွဲတွင် ကြီးချောင်းတံတား အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မကွေးတိုင်း ဆောမြို့နယ် ဂန့်ဂေါ–ထီးလင်း–ဆောလမ်းမကြီးပေါ်ရှိ ကြီးချောင်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကြီးချောင်းတံတား ဖွင့်ပွဲအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ အနောက်မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးလှငွေ၊ ဂန့်ဂေါ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင် များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူ များ စုစုပေါင်း အင်အား ၁၅၀၀ ခန့် တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် ဆောက်လုပ် ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်းက အဖွင့်အမှာစကား ပြောကြားရာ၌ မကွေးတိုင်းအတွင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနက တာဝန်ယူ ဖောက်လုပ်ပေးနေသည့် လမ်းပန်းဆက်သွယ်မှု အခြေအနေကို ကြည့်လျှင် ၁၉၈၈ခုနှစ်၌ ကတ္တရာ လမ်း ၅၀၃မိုင်၊ ခဲကျောက်လမ်း ၉၅ မိုင်၊ အမာခံလမ်း ၅၄၃ မိုင်နှင့် မြေလမ်း ၁၆၇ မိုင် စုစုပေါင်း ၁၃၀၈ မိုင်သာ ရှိခဲ့ရာမှ ယနေ့တွင် ကတ္တရာလမ်း ၉၅၄ဒသမ ၆မိုင်၊ ခဲကျောက်လမ်း ၂၃၅ ဒသမ ၂မိုင်၊ အမာခံလမ်း ၃၄၉ ဒသမ ၃ မိုင်နှင့် မြေလမ်း ၁၆၀ ဒသမ ၁ မိုင် စုစုပေါင်း ၁၆၉၉ဒသမ ၆မိုင် ရှိလာပြီ ဖြစ်သည့်အတွက် ၃၉၁ ဒသမ ၆ မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း။

ထို့ပြင် ပေ ၁၈၀နှင့်အထက် တံတား ကြီး ၁၀စင်းကိုလည်း တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်ပေးသည့် ကြီးချောင်း တံတားသည် ပေ ၆၀ ဘေလီနှစ်ခန်း အပါအဝင် ပေ ၂၀ သစ်သားတိုင်စင် ရှစ်ခန်းနှင့် စုစုပေါင်း ပေ ၂၈၀ ရှည် ကြောင်း၊ ဤတံတားကြီးကို ၂၀၀၃ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်တည်ဆောက် ခဲ့ပြီး ခုနစ်လဖြင့် ပြီးစီးအောင် တည် ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ငွေကျပ် သိန်း ၄၅၀ အကုန်အကျခံ၍ တည် ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ကိုယ်စား ဆောက်လုပ် ရေးဝန်ကြီးဌာနက မကွေးတိုင်း အပါ အဝင် ပြည်နယ်၊ တိုင်းအားလုံး၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေ ရေး ရည်မှန်းချက်ကို အကောင်အထည် ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ် ကြောင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူ ချောမွေ့လာသည်နှင့်အမျှ ဒေသတွင်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအပိုင်းများ တိုးတက်ကောင်းမွန်လာပြီး ဒေသ ဖွံ့ဖြိုးမှုနှင့်အတူ ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မား တိုးတက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် မကွေးတိုင်းအတွင်းသာ မက အခြားပြည်နယ်၊ တိုင်းများပါ မကျန် ရေကြော၊ မြေကြောများကို တစ်ဆက်တည်း ဖြစ်လာအောင်၊ တိုင်းရင်းသားအချင်းချင်း အထိအတွေ့ ပိုမိုများပြားလာအောင် လိုအပ်သည့် လမ်းတံတားများကို တည်ဆောက်ပေး နေခြင်းဖြစ်ကြောင်း၊ ယခုဆိုလျှင် ပြည်ထောင်စုကြီး၏ အရှေ့ဖျား၊ အနောက်ဖျား၊ တောင်ဖျား၊ မြောက်ဖျား ပါမကျန် ဒေါင်လိုက်ဖြစ်စေ၊ အလျား လိုက်ဖြစ်စေ သွားလာမှုလွယ်ကူနေပြီ ဖြစ်ကြောင်း။

ကူညီထိန်းသိမ်း

နိဂုံးချုပ်အနေဖြင့် ဤတံတားကြီး အချိန်တိုကာလအတွင်း ပြီးစီးပြီး မြန်မြန်အသုံးပြုနိုင်ရန် ဒေသအာဏာ ပိုင်အဖွဲ့နှင့် ဆက်နွယ်နေသည့်ဌာန များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်း ကူညီ ပံ့ပိုးပေးခဲ့ကြသလို ဤတံတား ကြီး ရေရှည်အသုံးပြုသွားနိုင်အောင် လည်း ဝိုင်းဝန်းကူညီ ထိန်းသိမ်းပေး သွားကြပါရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မကွေးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက အမှာ စကားပြောကြားရာတွင် ယနေ့ဖွင့်လှစ် သည့် ကြီးချောင်းတံတားသည် ဂန့်ဂေါ ခရိုင်အတွင်းရှိ ဂန့်ဂေါ–ထီးလင်း– ဆော ဆက်သွယ်သော အဓိကလမ်းမ ကြီးတွင် နောက်ဆုံး ဆောက်လုပ်ရန် ကျန်သော တံတားဖြစ်ကြောင်း။

တည်ဆောက်ဖွင့်လှစ်ခဲ့

ကျောက်ထု–ဆောလမ်းပေါ်တွင် ပေ ၄၄၀ ရှည်သည့် ချည်ချောင်းတံတား နှင့် ပေ ၃၈၀ ရှည်သည့် ကျောက်စစ် ချောင်း တံတားကို ၂၀၀၂ ခုနှစ် စက်တင်ဘာ ၉ ရက်တွင်လည်းကောင်း၊ ပေ ၄၄၀ ရှည်သည့် ဂုံဘိုချောင်းကူး တံတားကို ၂၀၀၃ခုနှစ် မေ ၈ ရက် တွင်လည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ ကြောင်း၊ ထို့အပြင် ကျောက်ထု– ဆောလမ်းပေါ်တွင် ပေ ၂၄၀ ရှည် သည့် အညာကတင်းချောင်း တံတား နှင့် ပခုက္ကူ–ပေါက်–ထီးလင်း–ဂန့်ဂေါ လမ်းပေါ်တွင် ပေ ၁၈၀ ရှည်သည့် တပြင်းချောင်းကူး သံကူကွန်ကရစ် တံတားကိုလည်း ဆောက်လုပ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ဂန့်ဂေါ–ကလေးလမ်း ပေါ်တွင် အရှည် ၄၀၈ ပေ ရှိသည့် တော်ဝင်တံတားကြီးကိုလည်း ဆောက် လုပ်လျက်ရှိရာ မကြာမီပြီးစီးတော့မှာ ဖြစ်ကြောင်း။

၁၉၈၈ခုနှစ်မတိုင်မီက ဂန့်ဂေါခရိုင် အတွင်းတွင် ပေ ၁၈၀ နှင့်အထက် တံတားတစ်စင်းသာ ရှိခဲ့ရာက ယခု ဆိုလျှင် ၁၀ စင်း ထပ်မံဆောက်လုပ် နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ထို့ကြောင့် တံတား ကြီးများ ရေရှည်တည်တံ့ ခိုင်မြဲရေး အတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း သွားကြရမှာဖြစ် ကြောင်း။

ကြီးချောင်း တံတားကြီးကို ဆောက် လုပ်ခွင့်ပြုခဲ့သည့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီးအားလည်းကောင်း၊ တံတားကြီး အချိန်တိုအတွင်း ပြီးစီး အောင် ဆောင်ရွက်ခဲ့သည့် တံတား အထူးအဖွဲ့ (၁၃)မှ ဒုတိယအင်ဂျင် နီယာမှူးကြီး ဦးစိုးမြင့်နှင့် အင်ဂျင် နီယာများအားလည်းကောင်း၊ တံတား ကြီး တည်ဆောက်ရာတွင် လိုအပ်သလို ကူညီပံ့ပိုးခဲ့သည့် ဒေသဆိုင်ရာ အာဏာ ပိုင် အဖွဲ့အစည်းများအားလည်းကောင်း အထူးကျေးဇူးတင်ရှိ ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦး က ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့် အဖွဲ့ဝင်များသည် ကြီးချောင်းတံတား ဖွင့်ပွဲကျင်းပမည့် မုခ်ဦးသို့ သွားရောက်ကြပြီး မင်္ဂလာ အချိန် ကျရောက်သည်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း တို့က ဖဲကြိုးဖြတ်၍ ကြီးချောင်းတံတား ကို ဖွင့်လှစ်ပေးကြသည်။

ကြီးချောင်း တံတားကို အောက်ခြေ သစ်သားပိုင်တိုင်များနှင့် အပေါ်ထည် ကို ဘေလီသံပေါင်နှင့် သစ်သားတို့ ပေါင်းစပ်ပြီး တည်ဆောက်ထားသည်။ ကြီးချောင်းတံတားကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားအထူးအဖွဲ့ (၁၃)က တာဝန်ယူ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ် သည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မေ ၁၃

၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ် ပြိုင်ပွဲ တစ်ဦးချင်ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို မေ ၁၀ရက် နံနက် ၉နာရီက မိတ္ထီလာမြို့ လေကြောင်းအတတ်သင်လေတပ်စခန်းရှိ သူရအုန်းခိုင် ခန်းမ၌ ကျင်းပရာ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး တင်ဦးလွင်၊ မိတ္ထီလာတပ်နယ်–တပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်မောင်အေး၊ လေကြောင်း အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ မြေပြင် အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ လေကြောင်းအတတ်သင်လေတပ်စခန်းနှင့် မြေပြင်အတတ်သင်လေတပ်စခန်း တို့မှ ဒုတိယလေတပ်စခန်းမှူး၊ အုပ်မှူး၊တပ်မှူး၊ ဌာနမှူးများ၊ အရာရှိ၊ စစ်သည်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲကို ယှဉ်ပြိုင်ကြရာ လေကြောင်း အတတ်သင် လေတပ်စခန်းအသင်းမှ ဗိုလ်ကြီးတင်မောင်ဦးက လေကြောင်း အတတ်သင် လေတပ်စခန်းအသင်းမှ ဒုအရာခံဗိုလ်ညိုမောင်အား သုံးပွဲ– တစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်ယောက်တွဲပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများအား တာဝန်ရှိသူ များက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အဆိုပါ စားပွဲတင်တင်းနစ်ပြိုင်ပွဲ တံခွန်စိုက်ဆုရရှိသည့် လေကြောင်းအတတ်သင် လေတပ်စခန်းအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ် ခင်မောင်တင်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ဓါတ်ပုံ)** (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

✧ **ကျောဖုံးမှ**

ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့်အတူ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်ဘူတာကြီးနှင့် ဒဂုံ–ဧရာ မော်တော်ယာဉ်အဝေးပြေးဂိတ်တို့မှ ကြိုဆိုနှုတ်ဆက်ကြကာ အမျိုးသားညီလာခံ ကျင်းပမည့် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ကိုယ်စားလှယ်များ တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။

ပို့ဆောင်နေရာချ

ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ဖွင့်လှစ်ထားရှိသော အမျိုးသားညီလာခံကိုယ်စားလှယ်များ ကြိုဆိုနေရာချထားရေးစခန်းသို့ ရောက်ရှိလာကြသော ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှ ကိုယ်စားလှယ်များကိုလည်း တာဝန်ရှိသူများက မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင် နေရာချထားပေးကြသည်။ (သတင်းစဉ်)

ရန်ကုန်ဘူတာကြီး

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များ မြန်မာ့မီးရထားဖြင့် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ပဌမအကြိမ်မြောက် မြတ်ဆရာပူဇော်

ရန်ကုန် မေ ၁၃

ပဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပရာ အခြေခံပညာဦးစီးဌာနများ၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့နှင့် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့တို့မှ ဝန်ထမ်းများ၊ ၂၀၀၄ခုနှစ် အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲ(ရန်ကုန်)သို့ တက်ရောက်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဆရာကြီး ဦးဘိုးထိုအမှူးပြုသည့် အသက် (၇၀) နှင့်အထက် ဆရာကြီး၊ ဆရာမကြီး ၄၀ တို့က အပူဇော်ခံကြသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၁၃

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၈ ရက်တွင် မင်းတပ်မြို့ မကွိအိမ်နူး ဖွံ့ဖြိုးရေးကားလမ်းဖောက်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်နှင့် ဆားများ ထောက်ပံ့ပေးအပ်သည်။

ဖူးမြော်ကြည်ညို

ထို့နောက် ရှစ်ကျေးရွာသို့ ရောက်ရှိပြီး ရှစ်ကျေးရွာကျောင်း ဆရာတော်ဦးခမ္မိကအား သွားရောက် ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထိုမှ ပြန်လည်ထွက်ခွာခဲ့ရာ မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ဖွင့်လှစ်သင်ကြားနေသော နွေရာသီအခြေခံ ကွန်ပျူတာသင်တန်း (၁/၂၀၀၄)သို့ ကြည့်ရှုပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားသည်။

လျှောက်ထား

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၀ ရက် နံနက်ပိုင်းတွင် ကလေးမြို့ ကံသာယာ ထေရဝါဒ ဗုဒ္ဓသာသနာပြုပရဟိတကျောင်းသို့ ရောက်ရှိပြီး ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဝနအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထိုမှ ဆက်လက်ထွက်ခွာလာခဲ့ရာ တွန်းဇံမြို့နယ် လမ့်ဆန်အုပ်စု ရှာလ်ထော်ဇန် စံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးလက် မီးလင်းရေးလုပ်ငန်းအတွက် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက် တပ်ဆင်အသုံးပြုရန် ရေစုကန်နှင့် ရေသွယ်မြောင်း ဖောက်လုပ်နေသောကျေးရွာသူ၊ကျေးရွာသားများအား တွေ့ဆုံ အားပေးစကားပြောကြားသည်။ ထို့နောက် ရှာလ်ထောဇန် စံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေ ကျပ်တစ်သိန်းကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

မှာကြား

ထို့နောက် တွီးခိန်ဇန် စံပြကျေးရွာသို့ ရောက်ရှိပြီး ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက် တပ်ဆင်အသုံးပြုနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ရန်ကုန်လေဆိပ်

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မြေငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံများ ဒီဇိုင်းပြုလုပ်ခြင်းဆိုင်ရာ ဟောပြောပွဲ ကျင်းပ

ရန်ကုန် မေ ၁၃

မြေငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံများ အင်ဂျင်နီယာဒီဇိုင်းပြုလုပ်ခြင်းဆိုင်ရာ ဟောပြောပွဲကို Acecoms နှင့် Saw Htwe Zawand Associates (Engineering, Construction and Consulting) တို့က ကြီးမှူး၍ ယနေ့နံနက် ၉နာရီခွဲတွင် လှိုင်မြို့နယ် MICT Park ရှိ အခန်းအမှတ် (၂၀၅)၌ ပြုလုပ်ရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် Acecoms မှ အထွေထွေမန်နေဂျာ Mr. Buddhi Sherman က ပညာရပ်ဆိုင်ရာများကို ဟောပြောသည်။ **(အပေါ်ယာပုံ)**

ဟောပြောပွဲသို့ အထပ်မြင့်အဆောက်အအုံများ အရည်အသွေးစစ်ဆေးမှုကော်မတီဝင်များ၊ အဆောက်အအုံအင်ဂျင်နီယာများ၊ ဘူမိဗေဒပညာရှင်များ တက်ရောက်ကြပြီး မေ ၁၄ ရက်ထိ ဟောပြောပွဲ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ (၁၃–၅–၂၀၀၄)

မြစ်ကြီးနား	—	၃ ဒသမ ၇၈ လက်မ
မြိတ်	—	၂ ဒသမ ၈၀ လက်မ
ကျောက်ဖြူ	—	၂ ဒသမ ၀၉ လက်မ
ကိုကိုးကျွန်း	—	၁ ဒသမ ၅၀ လက်မ
ဗန်းမော်	—	၁ ဒသမ ၃၄ လက်မ

မေ ၁၃ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ဗဟိုဦးစီးအဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်း-ကျော) (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အာရှဖွံ့ဖြိုးရေးဘဏ်နှစ်ပတ်လည် အစည်းအဝေး တက်ရောက်ရန် ကိုရီးယားသမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၁၃

ကိုရီးယားသမ္မတနိုင်ငံ Jeju Island တွင် ကျင်းပမည့် အာရှ ဖွံ့ဖြိုးရေးဘဏ်(၃၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr Lee Kyung Woo နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဦးစီးအရာရှိ ဦးမင်းဟန်စိုး တို့လည်း လိုက်ပါသွားကြသည်။

(သတင်းစဉ်)

စာပေနှင့်စာနယ်ဇင်းဗဟိုဦးစီးအဖွဲ့ဝင်များ တိုင်းရင်းသားကျေးရွာနှင့်စစ်သမိုင်းပြတိုက် လေ့လာ

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် ပြည်နယ်နှင့်တိုင်းအသီးသီးမှဗဟိုဦးစီးအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက် တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင် (သန်းမောင်) ခေါင်းဆောင်သော ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် ဗဟိုဦးစီးအဖွဲ့ဝင်များသည် နံနက် ၇နာရီ ၁၅မိနစ်တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ပင်မဝင်ပေါက်မုခ်ဦး၌ ညွှန်ကြားရေးမှူး ဦးရဲနိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာပြည်ထောင်စုကျေးရွာအကြောင်းသိကောင်းစရာများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့်ဗဟိုဦးစီးအဖွဲ့ဝင်များသည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း ဆောက်လုပ်ထားသော တိုင်းရင်းသားများ၏ အိမ်များနှင့် လူနေမှုစနစ် ပြသထားမှုများကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့ပြင် ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် ဗဟိုဦးစီးအဖွဲ့ဝင်များအား တိုင်းရင်းသားရိုးရာယဉ် ကျေးမှု အဆို၊ အကများဖြင့်လည်း ဧည့်ခံဖျော်ဖြေကြသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး တက်ရောက်ခဲ့သော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဗဟိုဦးစီးအဖွဲ့ဝင် ကိုယ်စားလှယ်များ တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း လှည့်လည်လေ့လာကြစဉ်။ (သတင်းစဉ်)

စစ်သမိုင်းပြတိုက်

ထိုမှတစ်ဆင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့်ဗဟိုဦးစီးအဖွဲ့ဝင်များသည် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာစစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဦးစီးအရာရှိ(ဒုတိယတန်း)ဗိုလ်မှူးကျော်ကျော်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တပ်မတော် စစ်သမိုင်းပြတိုက်၌ ခင်းကျင်းပြသထားမှုများနှင့်သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသော နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း၊စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်း၊တပ်မတော်(ကြည်း)ပြခန်း၊ တပ်မတော်(ရေ)ပြခန်း၊ တပ်မတော်(လေ)ပြခန်း၊ တိုင်းစစ်ဌာနချုပ်များ၏ပြခန်း၊ဝန်ကြီးဌာန များ၏ ပြခန်းများ စသည်တို့ကို ကြည့်ရှုလေ့လာကြရာ ပြခန်းများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် နံနက် ၁၀နာရီ ၁၅မိနစ်တွင် တပ်မတော်စစ်သမိုင်း ပြတိုက်မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၁၀ ၇။ ရုပ်သေးပြိုင်ပွဲ
- ၈:၂၀ ၈။ ဒါးကတံခါး
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English For EverydayUse.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅:၄၀ ၈။ တေးဂီတအစီအစဉ်
- ၅:၅၀ ၉။ လက်ဆင့်ကမ်းပေးဂီတတေး
- ၆:၀၀ ၁၀။ ရှမ်းပြည်နယ်အရှေ့ပိုင်း နမ့်မွေတံတား
- ၆:၁၀ ၁၁။ တေးဂီတအစီအစဉ်
- ၆:၂၀ ၁၂။ Discovery.
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ် (အပိုင်း-၂၂)**
- ၇:၃၀ ၁၆။ နှောင်းခေတ်တေးပဒေသာ
- ၇:၄၀ ၁၇။ ကယားရိုးရာဝတ်စားဆင်ယင်မှု
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း "လေးလေးချစ်ရဲ့ချစ်ချစ်လေး" (အပိုင်း-၂) (လွင်မိုး၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ခင်စောမျိုး)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

မီးဘေး ရှောင် မလောင်ခင် တား

ကုသိုလ်ဒါန ဆေးပဒေသာပင်စိုက်ထူလှူဒါန်း

ရန်ကုန် မေ ၁၃

မေတ္တာရေစင်ဇီဝိတဒါနလုပ်ငန်း၏ (၁၈)ကြိမ်မြောက် ကုသိုလ်ဒါန အဖြစ် ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲနှင့် ဆေးရုံသို့တက်ရောက်၍ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ချို့တဲ့ဝေဒနာရှင်များအား ကုသိုလ်ပြုလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အရိုးအထူးကုဆေးရုံကြီးရှိ ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မေတ္တာရေစင် အကျိုးတော်ဆောင် အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်နှင့် အလှူရှင်များက ကြည့်မြင်တိုင်အရိုးအထူးကုဆေးရုံကြီး ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၆၅၀၀၀ကို ဆေးရုံအုပ်ကြီးဒေါက်တာ ညွန့်လှိုင်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မေတ္တာရေစင်အကျိုးတော်ဆောင် အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်နှင့် အလှူရှင် ၁၅ဦးတို့က ဆေးရုံတွင် တက်ရောက်၍ ဆေးဝါးကုသမှုခံယူလျက်ရှိကြသည့် သံဃာတော်များ၊ နာတာရှည်လူနာများနှင့် ချို့တဲ့လူနာများ စုစုပေါင်း ၁၀၀တို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀စီဖြင့် စုစုပေါင်းငွေကျပ်ငါးသိန်းကို လူနာတစ်ဦးချင်း၏ လက်ဝယ်သို့အရောက် ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်လှိုင်နှင့် ဆရာဝန်၊ ဆရာမများက ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။ (သတင်းစဉ်)

AIDS ရောဂါပညာပေးနှိုးဆော်ချက်

AIDS ရောဂါကူးစက်စေသောနည်းလမ်းများ

- AIDS ရောဂါသည် HIV ဗိုင်းရပ်(စ်)ပိုး ကူးစက်မှုကြောင့် ဖြစ်သည်။
- AIDS ရောဂါကူးစက်စေသော နည်းလမ်းများမှာ
  * ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်း
  * မသန့်ရှင်းသော ဆေးထိုးအပ် ဆေးထိုးပြွန်များကို မျှဝေသုံးစွဲခြင်း
  * HIV ပိုးပါသောသွေးနှင့် သွေးပစ္စည်းများကို သွင်းမိခြင်း
  * ရောဂါပိုးရှိသော ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ ကူးစက်ခြင်းတို့ဖြစ်ပါသည်။
- HIV ပိုးရှိနေသူကို အပြင်ပန်းအမြင်ဖြင့် မသိနိုင်သောကြောင့် ရောဂါကူးစက်မှုမခံရအောင် အစဉ်အမြဲသတိရှိပါ။

AIDS ရောဂါမကူးစက်နိုင်သောနည်းလမ်းများ

AIDS ရောဂါမကူးစက်နိုင်သော နည်းလမ်းများမှာ

- ချောင်းဆိုးနှာချေခြင်း
- သာမန်ထိတွေ့မှုများဖြစ်သော လက်ဆွဲနှုတ်ဆက်ခြင်း၊ ဖက်ခြင်း၊ အရေပြားချင်းထိတွေ့ခြင်း
- ပန်းကန်၊ ခွက်၊ ဇွန်း၊ တယ်လီဖုန်း၊ အိမ်သာ၊ တံခါးလက်ကိုင်၊ ထိုင်ခုံတို့ကို အတူတူသုံးစွဲခြင်းတို့ကြောင့် မကူးစက်နိုင်ပါ။

AIDS ရောဂါသည် တစ်ဦးမှတစ်ဦးသို့ သာမန်အားဖြင့် လွယ်ကူစွာ မကူးစက်နိုင်သဖြင့် AIDSဝေဒနာရှင်များကို ပစ်ပယ်ခွဲခြားခြင်းမပြုဘဲ ကြင်နာစွာ ပြုစုစောင့်ရှောက်ပါ။

AIDS ရောဂါကာကွယ်ရန်နည်းလမ်းများ

- AIDS ရောဂါကို ကာကွယ်ရန်ဆေးနှင့် ပျောက်ကင်းအောင် ကုသရန်ဆေးမပေါ်သေးပါ။ ထို့ကြောင့် မိမိတို့၏ အပြုအမူကို ဆင်ခြင်ခြင်းသည်သာ အကောင်းဆုံးကာကွယ်နည်း ဖြစ်သည်။ AIDS ရောဂါ မကူးစက်စေရန်အတွက်
- လိင်အပျော်အပါး လိုက်စားခြင်းကိုရှောင်ကြဉ်ပါ။ မရှောင်နိုင်ပါက အကာအကွယ်ကွန်ဒုံးကို စနစ်တကျအသုံးပြုပါ။
- အိမ်ထောင်ရှိသူများတစ်လင်တစ်မယားစနစ်ကျင့်သုံးပြီး မိမိအိမ်ထောင်ဖက်အချင်းချင်း အပြန်အလှန်သစ္စာရှိပါ။
- မူးယစ်ဆေးဝါးကို လုံးဝမသုံးစွဲပါနှင့်။
- ဆေးထိုးရန်လိုအပ်ပါက တစ်ခါသုံးဆေးထိုးအပ်ကိုသာ အသုံးပြုပါ။

AIDS ရောဂါကြုံတွေ့သူများအား ပြုစုစောင့်ရှောက်ရေး

- HIVပိုးကူးစက်ခံရသူများသည် အကျင့်စာရိတ္တပျက်ယွင်းသူများ မဟုတ်သောကြောင့်ဝေဒနာရှင်များအား နှိမ့်ချဆက်ဆံခြင်း မပြုလုပ်ဘဲနှစ်သိမ့်ကူညီအားပေးပါ။
- AIDS ရောဂါကြုံတွေ့သူများကို ကြည်ဖြူစွာနာလက်တွဲကူမှသာ ဝေဒနာရှင်များ၏ သက်တမ်းပိုမိုကြာရှည်ပြီး သူတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းများကို အသုံးချနိုင်ကာ လူ့လောကအား အကျိုးပြုရင်း အဓိပ္ပာယ်ရှိရှိ နေထိုင်သွားနိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား ယူနန်ပြည်နယ်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ ဂါရဝပြုတွေ့ဆုံ

ရန်ကုန် မေ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းအား ရန်ကုန်မြို့တွင် လေ့လာရန်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာနညွှန်ကြားရေးမှူးချုပ် Mr. Zhang Dewen ခေါင်းဆောင်သော အဖွဲ့ဝင်ရှစ်ဦးပါဝင်သော သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ယင်းတွေ့ဆုံရာသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံယူနန်ပြည်နယ်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာနတို့အကြား သတင်းနှင့် ပြန်ကြားရေးဆိုင်ရာများ ပူးပေါင်းတိုးမြှင့် ဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Zhang Dewen ခေါင်းဆောင်သော သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံစဉ်။

(သတင်းစဉ်)

ယူနန်ပြည်နယ်မှ သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ မြန်မာ့အသံနှင့်မြန်မာ့အလင်းသတင်းစာတိုက် ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့၌ လေ့လာရန်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရသတင်းနှင့် ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Zhang Dewen ခေါင်းဆောင်သော အဖွဲ့ဝင်ရှစ်ဦးပါ သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Zhang Dewen နှင့် ကိုယ်စားလှယ်များအား အစည်းအဝေးခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အကြောင်း သိကောင်းစရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်များသည် အပြန်အလှန် မိတ်ဆက်၍ အမှတ်တရလက်ဆောင်များ ပေးအပ်ကြပြီး အဖွဲ့ခေါင်းဆောင် Mr.Zhang Dewen က ဧည့်သည်မှတ်တမ်းတွင် အမှတ်တရလက်မှတ်ရေးထိုးသည်။

ရိုက်ကူးထုတ်လွှင့်မှု

ယင်းနောက် သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူတို့က မြန်မာ့အသံစတူဒီယို (D)၌ မြန်မာ့ရိုးရာ ဆိုင်းဝိုင်း၊ စောင်း၊ ပတ္တလားတို့ဖြင့် တီးခတ်သီဆို ဖြေဖျော်နေမှုနှင့် ရုပ်မြင်သံကြား စတူဒီယို(၁)၌ ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်နေမှုတို့ကို ကြည့်ရှုလေ့လာကြပြီး မွန်းလွဲ ၂နာရီတွင် မြန်မာ့အသံမှ ပြန်လည်ထွက်ခွာသွားကြသည်။

ထိုမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာနမှ Mr. Zhang Dewen ခေါင်းဆောင်သော သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ် (၁)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်သို့ ရောက်ရှိကြရာ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ စာတည်းမှူး ဦးလှိုင်ဝင်း၊ မန်နေဂျာဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် သတင်းစာဆရာကိုယ်စားလှယ်များအား မြန်မာ့အလင်းသတင်းစာတိုက် ဧည့်ခန်းမ၌ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ မြန်မာ့အလင်းသတင်းစာ၏သမိုင်းအကျဉ်းနှင့် လက်ရှိထုတ်ဝေနေသည့် စောင်ရေ၊ မူဝါဒဆိုင်ရာများ၊ သတင်းစာထုတ်လုပ်မှုလုပ်ငန်း၊ ဖြန့်ဝေမှုဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာနမှ သတင်းစာဆရာကိုယ်စားလှယ်များသည် မြန်မာ့အလင်းသတင်းစာတိုက်ရှိ Internet မှ သတင်းများဖမ်းယူဆောင်ရွက်နေမှုများ၊ ကွန်ပျူတာဌာနမှ စာဖောင်များပြင်ခြင်း၊ သွင်းခြင်း e-mail မှတစ်ဆင့် သတင်းစာ စာမျက်နှာများကို ကိုယ်ပွားသတင်းစာတိုက်များသို့ ပေးပို့နေမှုများ၊ သတင်းစာရိုက်နှိပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် မေ ၁၃

နယ်မြေခံ ထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် တာချီလိတ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် အောက်တိုဘာ၁၃ရက်တွင် သတင်းအရ တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ပန်ဟတ်ရွာနေ အိုက်ဆမ်၏နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်း ခုတင်ပေါ်မှ ဒဗလျူဝိုင်စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ် ဆေးပြား၃၀၀ ဖမ်းဆီးရမိခဲ့သည်။

အမှုဖွင့်အရေးယူ

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ပန်ဟတ်ရွာနေ ဦးအိုက်အွန်၏သား အိုက်ဆမ်အား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၆၀/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/ ၁၉(က) အရ အမှုဖွင့် အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ၄ရက်တွင် တရားရုံးက တရားခံ အိုက်ဆမ်အား မူးယစ်ဆေးဝါး သုံးစွဲမှု ပုဒ်မ ၁၅ အရ အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်၊ မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က) အရ အလုပ်နှင့် ထောင်ဒဏ်၁၄နှစ် သီးခြားစီကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အလားတူပင်နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် တာချီလိတ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် နိုဝင်ဘာ၁၂ရက်တွင် သတင်းအရ တာချီလိတ်မြို့ မကာဟိုခမ်းရပ် ဂေါ်သဇင်လမ်းမှ တာလော့ဈေးဘက်သို့ လမ်းလျှောက်လာသူ အားဗှာအား စစ်ဆေးရာ ၎င်းလက်တွင်လုံးထွေးကိုင်ဆောင်လာသော အင်္ကျီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ဖမ်းဆီးရမိပြီး အဆိုပါဆေးပြားများကို အိုက်ဆေး (ခ) အားစိမ်း ဆိုသူထံမှ ရရှိခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်နေ ဦးရန်ချွင်းကိုင်၏သား အားဗှာနှင့် ဦးအိုက်လွှမ်း၏သား အားစိမ်းတို့ နှစ်ဦးအား တာချီလိတ်ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၇၇/၂၀၀၃၊မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူခဲ့သည်။

ပြစ်ဒဏ်ချမှတ်

အမှုကို တာချီလိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၆ရက်တွင် တရားခံ အားဗှာအား မူးယစ်ဆေးဝါး သုံးစွဲမှု ပုဒ်မ ၁၅ အရ ထောင်ဒဏ် ငါးနှစ်၊ မူးယစ်ဆေးဝါး ရောင်းချရန် အလို့ငှာလက်ဝယ်ထားရှိမှုပုဒ်မ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ်၁၅နှစ် သီးခြားစီကျခံစေရန်နှင့် တရားခံ အားစိမ်းအား မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅ အရ ထောင်ဒဏ် ငါးနှစ်၊ မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ ထောင်ဒဏ်၁၅နှစ် ပြစ်ဒဏ်များကို သီးခြားစီ ကျခံစေရန် ပြစ်ဒဏ် အသီးသီးချမှတ်ခဲ့သည်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံယူနန်ပြည်နယ်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာနမှ သတင်းစာဆရာကိုယ်စားလှယ်များ မြန်မာ့အလင်းသတင်းစာတိုက်သို့ လာရောက်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆေးရောင်စုံပိုစတာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းရောင်စုံပိုစတာပြိုင်ပွဲကို ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော (WANTED! Seas and Oceans- Dead or Alive?) (သင်ဘာကိုအလိုရှိပါသလဲ၊ ပင်လယ်နှင့် သမုဒ္ဒရာများ အပျက်လော၊ အကောင်းလော) ဆောင်ပုဒ်နှင့်အညီ ကျင်းပမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူဦးရေတိုးပွားများပြားလာသည်နှင့်အမျှ လူတို့၏ လုပ်ဆောင်ချက် အမျိုးမျိုးတို့ကြောင့် ပင်လယ်နှင့်သမုဒ္ဒရာများညစ်ညမ်းမှုဖြစ်ပေါ်လျက်ရှိသည်။ ယခုနှစ် ဆောင်ပုဒ်နှင့်အညီ ညစ်ညမ်းသော ပင်လယ်သမုဒ္ဒရာအပျက်ကို မြင်ချင်ပါသလား၊ ကောင်းမွန်သန့်ရှင်းသော ပင်လယ်သမုဒ္ဒရာကို မြင်ချင်ပါသလား ဟူသော မေးခွန်း၏အဖြေကို ပေါ်လွင်စေသည့် ပညာပေးပိုစတာများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်ဖိတ်ခေါ်သည်။

ပိုစတာများကို ၁၅X၂၀ လက်မဆိုဒ် စက္ကူပေါ်တွင် ရောင်စုံဆေးဖြင့်ရေးဆွဲ၍ ပိုစတာတွင် ဆောင်ပုဒ်ကို ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး မိမိပြောကြားလိုသည့် အကြောင်းအရာကိုလည်း ပညာပေးရေးသားဖော်ပြနိုင်သည်။ ပိုစတာ၏ ကျောဘက်တွင် ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံစသည်တို့ကို တစ်ပါတည်းဖော်ပြရန် ဖြစ်သည်။ အဆင့်မီပိုစတာများကို ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပိုစတာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒဂုံမြို့နယ် ရန်ကုန်မြို့သို့ မေ၂၈ရက် (သောကြာနေ့) ညနေ၄နာရီခွဲအရောက်နောက်ဆုံးထား၍ ပေးပို့ကြရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က နှိုးဆော်ထားသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အင်တာနက်၊ အီးမေးလ်နှင့် ကွန်ပျူတာသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် Internet and E-mail **သင်တန်းအမှတ်စဉ်(၁)၊ အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၄၃)နှင့် အဆင့်မြင့်ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃၁)တို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းထောင့်ရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ သင်တန်းသား၊ သင်တန်းသူများ၊ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ယနေ့လူငယ်များကို ကမ္ဘာနှင့်ရင်ပေါင်တန်းပြီး အသိပညာ၊ အတတ်ပညာ၊ နည်းပညာများ ကြွယ်ဝစေရန်နှင့် အထောက်အကူပြုနိုင်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ဤသင်တန်းများ ဖွင့်လှစ်ခြင်းဖြစ်၍ ဖွဲ့ရှိရှိဖြင့် ကြိုးကြိုးစားစားသင်ယူကြပြီး အဆင့်မြင့်သည့် လူနေမှုစနစ်နှင့်ကောင်းမွန်သည့် လူမှုဘဝ ပတ်ဝန်းကျင်ကို တည်ဆောက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က သင်တန်းများ ဖွင့်လှစ်သင်ကြားရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် Internet and E.mail သင်တန်း၊ အခြေခံကွန်ပျူတာသင်တန်းနှင့် အဆင့်မြင့် ကွန်ပျူတာသင်တန်းခန်းမများ၌ လေ့ကျင့်သင်ကြားနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)



လှည့်လည်ကြည့်ရှု

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ Internet and E-mail **သင်တန်းနှင့် ကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် လှည့်လည်ကြည့်ရှုစဉ်။**

(ထပဆ)

ငမိုးရိပ်ရေလှောင်တမံမှ သောက်သုံးရေသွယ်ယူရေးညှိနှိုင်း ရန်ကုန်မြို့တော်သို့ နေ့စဉ်ရေဂါလန် သန်း ၉၀ ထပ်မံဖြည့်တင်းမည်

ရန်ကုန် မေ ၁၃

ငမိုးရိပ်ရေလှောင်တမံမှ သောက်သုံးရေသွယ်ယူရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ငမိုးရိပ်ရေလှောင်တမံမှ သောက်သုံးရေသွယ်ယူရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော်နေပြည်သူလူထုသို့ သောက်သုံးရေ ပိုမိုတိုးမြှင့် ဖြန့်ဝေပေးနိုင်ရေးအတွက် ငမိုးရိပ်ရေလှောင်တမံမှရေကို လှော်ကားရေလှောင်ကန်သို့ သွယ်ယူဖြည့်တင်းပြီး တစ်ဆင့် ပြန်လည်ပေးဝေနိုင်ရေးဆိုင်ရာ ကိစ္စရပ် များနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

(ဝဲပုံ)

အစည်းအဝေးသို့ ငမိုးရိပ် ရေလှောင်တမံမှ သောက်သုံးရေ သွယ်ယူရေး လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်မြို့တော်သို့ နေ့စဉ် ရေဂါလန် သန်း ၉၀ ထပ်မံဖြည့်တင်းပေးဝေနိုင်ရေး၊ ငမိုးရိပ် ပင်မတူးမြောင်းမှ အထယုကျေးရွာအထိ ရေခေါ် တူးမြောင်းသွယ်ယူရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ရေတွန်းစက်များ တပ်ဆင်နိုင်ရေး၊ သတ်မှတ် အချိန်တိုကာလအတွင်း ပြီးစီးရေး၊ လိုအပ်သည့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးညှိနှိုင်းတင်ပြကြကြောင်း သိရသည်။ (၁၉)

အမျိုးသားလက်ရွေးစင်အသင်းကြီး အောင်မြင်မှုရရှိရေးသည် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ရည်မှန်းချက်ဖြစ် ယခုနှစ်အတွင်း ပြည်ပပြိုင်ပွဲများသွားရောက်ယှဉ်ပြိုင်ရန် စီစဉ်နေ

ရန်ကုန် မေ ၁၃

မြန်မာ့ဘောလုံးအားကစားတိုးတက်ရေးနှင့် အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း၌ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌနှင့် အားကစားဂျာနယ်များမှ ကလောင်ရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ရှင်းလင်းပြောကြားရာ၌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တွင် ကော်မတီ ၁၃ခုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသား လက်ရွေးစင်အသင်းကြီး အောင်မြင်မှုရရှိရေးသည် အဖွဲ့ချုပ်၏ ရည်မှန်းချက်တစ်ခုဖြစ်ကြောင်း၊ အဖွဲ့ချုပ်တွင် အဖွဲ့ဝင်အင်အား ၁၀ဦးဖြင့် Think Tank အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားကြောင်း၊ လက်ရွေးစင်အသင်းများအတွက် Technical Director တစ်ဦး ရရှိရေး ဆုံးဖြတ်ထားကြောင်း၊ ယခုနှစ်အတွင်း ပြည်ပပြိုင်ပွဲများဖြစ်သည့် L.G ဖလား အမျိုးသားအကြီးတန်းဘောလုံးပြိုင်ပွဲ၊ စက်တင်ဘာလတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် AFF အမျိုးသမီးအကြီးတန်း ဘောလုံးပြိုင်ပွဲနှင့် ဒီဇင်ဘာလတွင် မလေးရှားနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့ ပူးတွဲကျင်းပမည့် တိုက်ဂါးဖလား အမျိုးသားအကြီးတန်း ဘောလုံးပြိုင်ပွဲတို့သို့ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများ သွားရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အားကစားကလောင်ရှင်များ၏ ဆွေးနွေးမေးမြန်းချက်များကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက ရှင်းလင်းဖြေကြားကြပြီး အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရရှိသော AFC **အာရှဘောလုံးအဖွဲ့ချုပ် စတင်တည်ထောင်သည့်နိုင်ငံ ၁၂နိုင်ငံ အထူးဂုဏ်ပြုဆုကို တွေ့ရစဉ်။** (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာ့ဘောလုံးအားကစားတိုးတက်ရေးနှင့် အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင် အဖွင့်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

Myitkyina Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပြီးစီး လက်ရွေးစင်ဟောင်း မြင့်သောင်း ၂၈၀ချက်ဖြင့် ဗိုလ်စွဲ

ရန်ကုန် မေ ၁၃

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar PGA **တို့ကကြီးမှူး၍** Jade Land Myanmar Co., Ltd. **က အဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်** Myitkyina Open **ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၈ရက် နံနက် ၇နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ** Northern Star **ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။**

ပြိုင်ပွဲ တတိယနေ့ ၁၈ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Pan-West) ကပင် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး ၆၈+၇၂+၇၁ ပေါင်း ၂၁၀ချက်ဖြင့် ဦးဆောင်ကစားခဲ့သည်။

မြင့်သောင်း (KM Golf Centre) က ၇၆+၇၀+၇၅ ပေါင်း ၂၂၁ချက်ဖြင့် ဒုတိယလိုက်ပြီး မင်းနိုင် (Srixon) က ၇၄+၇၄+၇၄ ပေါင်း၂၂၂ချက်ဖြင့် တတိယလိုက်ကာ ကျော်စွာလင်း (Ping) က ၇၅+၇၃+၇၅ ပေါင်း ၂၂၃ ချက်ဖြင့် စတုတ္ထလိုက်သည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် သိန်းဇော်မြင့်ကပင် ၇၀+၇၂+၇၂ ပေါင်း ၂၁၄ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ယဉ်အောင်လတ်က ၇၅+၇၀+၇၅ ပေါင်း ၂၂၀ချက်ဖြင့် ဒုတိယလိုက်ပြီး ကျော်သီဟက ၇၈+၇၃+၇၂၊ နိုင်နိုင်လင်းက ၇၆+၇၅+၇၂ နှင့် ဇော်ဇင်ဝင်းက ၇၅+၇၅+၇၃ ပေါင်း ၂၂၃ချက်စီဖြင့် ပူးတွဲ တတိယလိုက်သည်။

စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲကို မေ ၉ရက် နံနက် ၇နာရီတွင် ဆက်လက်ကျင်းပခဲ့ရာ စတုတ္ထနေ့ ၁၈ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် ဝါရင့်ဂေါက်သီးရိုက်အားကစားသမား မြန်မာ့လက်ရွေးစင်ဟောင်း မြင့်သောင်း(K.M Golf Centre)က ပင်ကိုလက်စွမ်းပြပြီး စတုတ္ထနေ့ပြိုင်ပွဲ၌ သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ ၇၆+၇၀+၇၅+၆၉ စုစုပေါင်း ၂၉၀ချက်ဖြင့် ဗိုလ်စွဲပြီး ဆုကြေးငွေကျပ် ၁၀သိန်းကို ဆွတ်ခူးသွားသည်။

ပြိုင်ပွဲတွင် သုံးရက်ဆက်တိုက် ဦးဆောင်ကစားနိုင်ခဲ့သည့် ဇော်ဇော်လတ် (Pan-West) က စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲ၌ စိတ်လှုပ်ရှားပြီး လက်စွမ်းမပြနိုင်သောကြောင့် ၆၇+၇၂+၇၁+၈၁ စုစုပေါင်း ၂၉၁ချက်ဖြင့် ဒုတိယနေရာဖြင့် ဆုကြေးငွေကျပ် ခြောက်သိန်းဖြင့် ကျေနပ်ခဲ့ရသည်။

မင်းနိုင် (Srixon) က ၇၄+၇၄+၇၄+၇၀ စုစုပေါင်း ၂၉၂ချက်ဖြင့် တတိယရရှိပြီး ဆုကြေးငွေကျပ် လေးသိန်းငါးသောင်း ရရှိသွားသည်။

ပြိုင်ပွဲတွင်နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများမှာ ပထမနေ့ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Pan-West) ၆၇ချက်၊ ဒုတိယနေ့ပြိုင်ပွဲတွင် မြင့်သောင်း(K.M Golf Centre) ၇၀ချက်၊ တတိယနေ့ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Pan-West) ၇၁ချက်နှင့် စတုတ္ထနေ့ပြိုင်ပွဲတွင် မြင့်သောင်း (K.M Golf Centre) ၆၉ချက်တို့ ဖြစ်ကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် သိန်းဇော်မြင့် ၇၀+၇၂+၇၂+၇၂ စုစုပေါင်း ၂၈၆ချက်ဖြင့် ပထမရပြီး ဗိုလ်စွဲသွားသည်။

ဇော်ဇင်ဝင်းက ၇၅+၇၅+၇၃+၇၀ ပေါင်း ၂၉၃ချက်ဖြင့် ဒုတိယရပြီး Derek Htet Doe က ၇၃+၇၃+၇၈+၇၁ စုစုပေါင်း ၂၉၅ချက်ဖြင့် တတိယရရှိသည်။

ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများမှာ ပထမနေ့ပြိုင်ပွဲ၌ သိန်းဇော်မြင့် ၇၀ချက်၊ ဒုတိယနေ့ပြိုင်ပွဲတွင် ယဉ်အောင်လတ်နှင့် လှမျိုး ၇၀ချက်စီ၊ တတိယနေ့ပြိုင်ပွဲတွင် သိန်းဇော်မြင့်၊ ကျော်သီဟနှင့် နိုင်နိုင်လင်းတို့ ၇၂ချက်စီနှင့် စတုတ္ထနေ့ပြိုင်ပွဲတွင် ဇော်ဇင်ဝင်းနှင့် နေလင်းထွန်းတို့ ၇၀ချက်စီ ဖြစ်ကြသည်။

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd က လည်းကောင်း၊ Co-Sponsor များအဖြစ် Myanmar Si Thu Co., Ltd က လည်းကောင်း၊ May and Mark Co., Ltd ကလည်းကောင်း၊ Kaung Myat Co., Ltd ကလည်းကောင်း၊ Offical Hotel အဖြစ် Punt Sun Hotel က လည်းကောင်း အသီးသီး ထပ်မံ၍ ပံ့ပိုးကူညီကြသည်။

တည်ခင်းဧည့်ခံ

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပကာ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ပြိုင်ပွဲဝင်များနှင့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

Myitkyina Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

တိပိဋကဓရ အရှင်မြတ်များအား ဂုဏ်ပြုပူဇော်မည်

ရန်ကုန် မေ ၁၃

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက=နိကာယ ကျောင်းတိုက်ကြီးမှ ၁၃၆၅ခု (၅၆)ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့ကြသော တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဣန္ဒပါလနှင့် တိပိဋကဓရ အရှင်ဣန္ဒာစရိယ အပါအဝင် ပိဋကစာအောင် သံဃာတော် ၃၃ပါးတို့အား မေ ၂၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းပူဇော်နိုင်

သို့ဖြစ်ပါ၍ တိ=နိ နာယကကြီးများ၊ တိ=နိသုဒတ္တ သုဘဒ္ဒါအမှုဆောင်များ၊ တိ=နိ ရာသက်ပန်အဖွဲ့ဝင်များ၊ ဓမ္မမိတ်ဆွေများ၊ ဆွမ်းအလှူရှင်များ၊ မြေအဆောက်အအုံ အလှူရှင်များက ပူဇော်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သဒ္ဓါအား ဒါနအားတို့ဖြင့် ရပ်ဝေး၊ ရပ်နီးမှ မေ ၂၀ရက် နောက်ဆုံးထားပြီး ပေးပို့လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာဝူရှူးအဖွဲ့ တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၁၃

နိုင်ငံတကာ ဝူရှူးပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပူးတွဲလေ့ကျင့်မည့် အစီအစဉ်အရ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းမြင့် ခေါင်းဆောင်သောမြန်မာဝူရှူးအားကစားအဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူကျို့မြို့သို့ ယနေ့ ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

အဆိုပါ ဝူရှူးအားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးထွန်းမြင့် (အဖွဲ့ချုပ် အတွင်းရေးမှူး)၊ ထောက်လှအားကစားသမားအဖြစ် ခိုင်ခိုင်မော် (မြို့တော်စည်ပင်)၊ ဆန်းဆို အားကစားသမားအဖြစ် စောနိုင်(ကာကွယ်ရေး)၊ သဥ္ဇာစိုးနှင့် အေးအေးမော် (ပြည်ထဲရေး)တို့ လိုက်ပါသွားကြသည်။

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် တရုတ်နိုင်ငံသို့ ကစားသမားများ စေလွှတ်လေ့ကျင့်ပေးလျက်ရှိရာ ယခုအဖွဲ့ အပါအဝင် ၃၅ဦး ရှိသွားပြီဖြစ်သည်။ (ကြေးမုံ)

ချစ်လှူမိုက်မေတ္တာဘွဲ့ဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် မေ ၁၃

ယခုသောကြာပတ်တွင် လှူစွမ်းကောင်းရုပ်ရှင်မှ ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ် ရိုက်ကူး၍ လွင်မိုး၊ ရာဇာနေဝင်းနှင့် နန္ဒာလှိုင်တို့ သရုပ်ဆောင်သည့် **ချစ်လူမိုက်** မေတ္တာဘွဲ့ ဇာတ်ကား သမ္မတနှင့် သွင်ရုံတွင် ဆက်လက်ပြသနေသည်။

အောင်ပွဲခံ

ဆက်လက်၍ မိုးကောင်းကင်ရုပ်ရှင်မှ ဒွေး၊ ဇာဂနာ၊ စိုးမြတ်သူဇာနှင့် နန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်သော **ကာရန်အလွဲ**ဇာတ်ကားမှာ နေပြည်တော်၊ ရွှေဆောင်နှင့် နဝဒေးရုံကြီးများတွင် ဆက်လက်အောင်ပွဲခံ ပြသဆဲရှိသည်။

Khiladi 420 ဇာတ်ကားမှ သက်စွန့်ဆံဖျား သရုပ်ဆောင်ခန်း။

မင်္ဂလာရုံ

ဓားရေးလုံ့ရေးအစွမ်းပြသော The Last Samurai ဇာတ်ကား ပရိသတ်၏ တောင်းဆိုချက်အရ မင်္ဂလာရုံကြီးတွင် တစ်ကျော့ပြန်ပြသနေသည်။

ရွှေဂုန်

ထို့ပြင် မင်းမြတ်သူရ၏ ဝတ္ထုကို ဒါရိုက်တာ ခင်စောမျိုး ရိုက်ကူး၍ ညွှန့်ဝင်း၊ ကျော်သူ၊ ဇင်ဝိုင်း၊ မင်းမော်ကွန်း၊ မို့မို့မြင့်အောင်၊ ပန်းဖြူတို့ သရုပ်ဆောင်သည့် **လင်းနို့တောင်ကျိန်စာ** အဆင့်မြင့်ဗီဒီယိုဇာတ်ကား ရွှေဂုန်ရုံတွင် တင်ဆက်ပြသည်။

မြို့မ

အိန္ဒိယဇာတ်ကားဖြစ်သော Khiladi 420အမည်ရှိ အက်ရှင်ဇာတ်ကား မြို့မရုံတွင် တင်ဆက်နေသည်။ အရှစ်ကူမား၊ မဟီမားချောင်ဒရီတို့၏ အလှအပများနှင့် သက်စွန့်ဆံဖျားစွန့်စားခန်းများ ပါဝင်သည်။

အကယ်ဒမီဆုရ

ဆုထူးပန်ရုံတွင် Dil To Pagal Hai အမည်ရှိ အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကားရုံတင် ပြသနေသည်။ ရှုရွှတ်ခန်း၊ ကရစ်ရှမာကပူး၊ မာဒူရီဒီးဆစ်တို့၏ အလှအပ၊ တေးဂီတများဖြင့် ဇာတ်လမ်းဖွဲ့စည်းထားသည်။

အက်ရှင်ဇာတ်ကား

ဘုရင်ရုံတွင် Dum အမည်ရှိ အိန္ဒိယအချစ်နှင့် အက်ရှင်ဇာတ်ကား ရုံတင်ပြသည်။ ဥပဒေနှင့် ဥပဒေပြင်ပရောက် မသမာသူတစ်စု၏ ပြိုင်ဆိုင်မှု၊ ဆိုးသွမ်းမှုကို ပညာပေးရိုက်ကူးထားသည်။

"ချစ်လူမိုက်" ဇာတ်ကားမှ ရာဇာနေဝင်း၊ နန္ဒာလှိုင်တို့၏ သရုပ်ဆောင်ကွက်။

"နေကမွေးတဲ့လ" ဇာတ်ကားမှ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်တို့၏ ဟန်။

တစ်ကျော့ပြန်

ရန်ကုန်မြို့လယ် ဝဇီရာရုံတွင် ဒါရိုက်တာမောင်တင်ဦးရိုက်ကူး၍ ကျော်ဟိန်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင်သည့် **နေကမွေးတဲ့လ**ဇာတ်ကား တစ်ကျော့ပြန် ရုံတင်ပြသနေသည်။

အိန္ဒိယအချစ်ဇာတ်ကား

မြေနီကုန်း ရတနာပုံရုံတွင် Hogi Pyaarki jeet အမည်ရှိ အိန္ဒိယအချစ်ဇာတ်ကား ရုံတင်ပြသနေသည်။ **(ကြေးမုံ)**

ပရီမီယာလိဂ် ပွဲစဉ်(၃၈) ဒုတိယအကျော့

ချန်ပီယံအာစင်နယ် ရှုံးပွဲမရှိစံချိန် ဆက်ထိန်းမလား

အားကစားသတင်းထောက်တစ်ဦး

ရန်ကုန် မေ ၁၃

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်သာ ကစားရန် ကျန်တော့သည်။ ပထမ၊ ဒုတိယ၊ တတိယ အဖြေများ ထွက်သွားပြီဖြစ်သည်။ ချန်ပီယံလိဂ် ဝင်ခွင့်ရရှိရေးလည်း ပြီးပြတ်သွားပြီ။ တန်းဆင်းဇုန်ကိစ္စလည်း ပြီးစီးသွားပြီဖြစ်သည်။

ပွဲစဉ်(၃၈)ကို မေ၁၅ရက်နေ့တွင် ဆက်လက်ကစားသွားမည်ဖြစ်သည်။ ပွဲစဉ်အားလုံး ည၈နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

မေ ၁၅ ရက် (စနေနေ့)
အာစင်နယ်-လက်စတာ

ဖူလ်ဟမ်းကို အာစင်နယ်နိုင်သည်။ ၂၅ပွဲနိုင်၊ ၁၂ပွဲ သရေကျသည်။ ရှုံးပွဲမရှိ။ ၇၁ဂိုးသွင်းပြီး ၂၅ဂိုး ပေးရသည်။ ၈၇မှတ်ရသည်။ ပို့စ်မောက်ကို လက်စတာ နိုင်သည်။ ရှစ်ပွဲနိုင်၊ ၁၅ပွဲသရေ၊ ၁၅ပွဲရှုံးသည်။ ၄၆ဂိုးသွင်းပြီး ၆၁ဂိုး ပေးရသည်။ ၃၃မှတ် ရသည်။

အာစင်နယ်သည် ဖူလ်ဟမ်းနှင့်ပွဲတွင် ခြေအသာဖြင့် အပေါ်စီးမှ ကစားသွားသည်။ အောက်ဆုံးမှ လက်စတာက ပို့စ်မောက်ကို ရှေ့မှဦးဆောင်ကစားသွားသည်။ ပို့စ်မောက်နှင့် ကစားခြေအရ လက်စတာ ခြေသင့်သည်။ သို့သော် အာစင်နယ်ကို ယှဉ်ကစားဖို့မလွယ်။ အာစင်နယ် ခြေအပြတ်သာသည်။

အာစင်နယ်ကွင်းမှာ ကစားရမည်။ ပထမအကျော့တွင် တစ်ဂိုးစီ သရေကျသည်။ ချန်ပီယံဖြစ်နေပြီဖြစ်သော အာစင်နယ်က လက်စတာကို စိတ်ကြိုက်ကစားနိုင်သည်။ ရှုံးပွဲမရှိစံချိန်ဆိုသည့် ဂုဏ်က ဖြစ်တောင့်ဖြစ်ခဲ၊ ရတောင့်ရခဲဖြစ်သည်။

အက်စတွန်ဗီလာ-မန်ယူ

စိန့်ကို ဗီလာ သရေကျသည်။ ၁၅ပွဲနိုင်၊ ၁၁ပွဲ သရေ၊ ၁၁ပွဲရှုံးသည်။ ၄၈ဂိုး သွင်းပြီး ၄၂ဂိုး ပေးရသည်။ ၅၆မှတ်ရသည်။ မန်ယူကလည်း ချယ်လ်ဆီးနှင့် သရေကျအောင် ကစားသွားသည်။ ၂၂ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ကိုးပွဲရှုံးသည်။ ၆၂ဂိုးသွင်းပြီး ၃၅ဂိုးပေးရသည်။ ၇၂မှတ်ရသည်။

စိန့်နှင့်ပွဲတွင် ဗီလာ ကစားပုံကောင်းသည်။ ၎င်းခြေမျိုးဖြင့် မန်ယူကို လိုက်ကစားနိုင်သည်။ မန်ယူကစားပုံသည် ချယ်လ်ဆီးနှင့်ပွဲတွင် ညံ့သည်။ ကွင်းလယ်ကစားကွက် မရှိသလောက်ဖြစ်နေသည်။ တိုက်စစ်ကို မောင်းတင်ထားသော်လည်း ဂိုးပေါက်ချော်နေသည်။ မန်ယူက အဆင့်ရော၊ ကစားကွက်ပါ သာသည်။

ဗီလာကွင်းမှာ ကစားရမည်။ ပထမအကျော့၌ မန်ယူက လေးဂိုး-ဂိုးမရှိနိုင်သည်။ မန်ယူကလည်း ချယ်လ်ဆီးကိုကျော်ပြီး ဒုတိယမရနိုင်၊ ဗီလာက ချန်ပီယံလိဂ် ဝင်ခွင့်ရသွားပြီ။ ထို့ကြောင့် ယခုပွဲကို နှစ်သင်းစလုံး သရေလောက် ကစားသွားနိုင်သည်။

ဘလက်ဘန်း-ဘာမင်ဂမ်

စပါး(စ်)ကို ဘလက်ဘန်း ရှုံးသည်။ ၁၂ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ၁၈ပွဲရှုံးသည်။ ၅၀ဂိုးသွင်းပြီး ၅၈ဂိုး ပေးရသည်။ ၄၃မှတ်ရသည်။ လီဗာပူးကို ဘာမင်ဂမ် ရှုံးသည်။ ၁၂ပွဲနိုင်၊ ၁၃ပွဲသရေ၊ ၁၂ပွဲရှုံးသည်။ ၄၂ဂိုးသွင်းပြီး ၄၃ဂိုးပေးရသည်။ ၄၉မှတ်ရသည်။

စပါး(စ်)နှင့်ပွဲတွင် ဘလက်ဘန်းကစားပုံကောင်းသော်လည်း ရှုံးသည်။ တိုက်စစ်အား လျော့နေသည်။ ဘာမင်ဂမ်က လီဗာပူးနှင့်ပွဲတွင် ညံ့သည်။ ကစားပုံလည်း ပျက်နေသည်။ ခြေအရကြည့်လျှင် ဘာမင်ဂမ်က ကောင်းသည်။ သို့သော် ဘလက်ဘန်းသည်လည်း ခြေအဆင့်ရှိသော အသင်းဖြစ်သည်။

ဘလက်ဘန်းကွင်းမှာ ကစားရမည်။ ပထမအကျော့၌ ဘလက်ဘန်းက လေးဂိုး-ဂိုးမရှိနိုင်သည်။ နှစ်သင်းစလုံး၏ အနေအထားသည် အထက်မရောက် အောက်မရောက် ဖြစ်သည်။ တကယ်တမ်း ကစားကြမည်ဆိုလျှင် ဘလက်ဘန်းက အလေးသာသည်။

ဘော်လ်တန်-ဖူလ်ဟမ်း

အဲဗာတန်ကို ဘော်လ်တန် နိုင်သည်။ ၁၃ပွဲနိုင်၊ ၁၂ပွဲသရေ၊ ၁၂ပွဲရှုံးသည်။ ၄၈ဂိုးသွင်းပြီး ၅၄ဂိုးပေးရသည်။ ၅၁မှတ်ရသည်။ အာစင်နယ်ကို ဖူလ်ဟမ်းရှုံးသည်။ ၁၃ပွဲနိုင်၊ ၁၀ပွဲသရေ၊ ၁၄ပွဲရှုံးသည်။ ၅၀ဂိုးသွင်းပြီး ၄၆ဂိုးပေးရသည်။ ၄၉မှတ်ရသည်။

ဘော်လ်တန်က အဲဗာတန်နှင့်ပွဲမှာ ထူးခြားစွာကောင်းသည်။ ၎င်းခြေရည်မျိုးဖြင့် ဖူလ်ဟမ်းကို ယှဉ်ကစားနိုင်သည်။ ဖူလ်ဟမ်းက အာစင်နယ်နှင့်ပွဲမှာ ညံ့သည်။ အာစင်နယ်အောက်မှ လိုက်ကစားရသည်။ ကစားကွက်များက ဖရိုဖရဲဖြစ်နေသည်။

ဘော်လ်တန်ကွင်းမှာ ကစားရမည်။ ပထမအကျော့တွင် ဖူလ်ဟမ်းက ၂-၁ဖြင့်နိုင်သည်။ ယခုပွဲတွင် တစ်မှတ်စီခွဲယူနိုင်သည်။ သို့သော် အိမ်ရှင်ဘက်တွင် နိုင်ခြေခပ်ပါးပါးရှိသည်။

ချာလ်တန်-ဆောက်သမ်ပတန်

လိဒ်စ်ကို ချာလ်တန် သရေကျသည်။ ၁၁ပွဲနိုင်၊ ၁၁ပွဲသရေ၊ ၁၂ပွဲရှုံးသည်။ ၄၉ဂိုးသွင်းပြီး ၅၀ဂိုး ပေးရသည်။ ဗီလာကို စိန့် သရေကျသည်။ ၁၂ပွဲနိုင်၊ ၁၀ပွဲသရေ ၁၄ပွဲရှုံးသည်။ဂိုး ၄၀သွင်းပြီး ဂိုး၄၀ ပေးရသည်။ ၄၆မှတ်ရသည်။

လိဒ်စ်နှင့်ပွဲတွင် ချာလ်တန် ကစားပုံကောင်းသည်။ အပြန်အလှန် ထိုးဖောက်ကစားနိုင်သည်။ နောက်တန်းခံစစ်ပိုင်း လိုသည်မှလွဲ၍ ပြောစရာမရှိ။ ဗီလာနှင့်ပွဲတွင် စိန့်ကစားပုံ သင့်ရုံရှိသည်။ ဗီလာက အသာစီးနှင့် ကစားသွားသည်။ မည်သို့ပင်ဖြစ်စေ နှစ်သင်းစလုံး ခြေညီကြသည်။ ယှဉ်ကစားလျှင် စိန့်က ပိုကောင်းသည်။

ချာလ်တန်ကွင်းမှာ ကစားရမည်။ ပထမအကျော့၌ စိန့်က ၃-၂ ဖြင့်နိုင်သည်။ ယခုပွဲတွင် အိမ်ရှင်ဖြစ်သည့် ချာလ်တန် အနည်းဆုံး သရေလောက် ရနိုင်သည်။

ချယ်လ်ဆီး-လိဒ်စ်

မန်ယူနှင့် ချယ်လ်ဆီး သရေကျသည်။ ၂၃ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးသည်။ ၆၆ဂိုးသွင်းပြီး ၃၀ဂိုး ပေးရသည်။ ၇၆မှတ်ရသည်။ ချယ်လ်တန်ကို လိဒ်စ်ကလည်း သရေကျသည်။ ရှစ်ပွဲနိုင်၊ ကိုးပွဲသရေ၊ ပွဲ၂၀ ရှုံးသည်။ ၄၀ဂိုး သွင်းပြီး ၇၈ဂိုး ပေးရသည်။ ၃၃မှတ်ရသည်။

မန်ယူနှင့်ပွဲတွင် ချယ်လ်ဆီး ကစားပုံကောင်းသည်။ အပေါ်စီးမှ ကစားသွားနိုင်သည်။ လိဒ်စ်ကလည်း ချာလ်တန်နှင့်ပွဲတွင် ကောင်းသည်။ အဆင့်ကွာလွန်းသော်လည်း လိဒ်စ်မှာ ခြေရည်ရှိသည်။ ချယ်လ်ဆီးကို ခံကန်နိုင်သည်။

ချယ်လ်ဆီးကွင်းမှာ ကစားရမည်။ ပထမအကျော့တွင် နှစ်သင်းစလုံး တစ်ဂိုးစီသရေကျသည်။ ယခုပွဲတွင်လည်း သရေပွဲ ထပ်ဖြစ်နိုင်သည်။

လီဗာပူး-နယူးကာဆယ်

ဘာမင်ဂမ်ကို လီဗာပူးနိုင်သည်။ ၁၆ပွဲနိုင်၊ ၁၁ပွဲ သရေ၊ ၁၀ပွဲရှုံးသည်။ ၅၄ဂိုးသွင်းပြီး ၃၆ဂိုးပေးရသည်။ ၅၉မှတ်ရသည်။ ဝုလ်ဖ်ကို နယူးကာဆယ် သရေကစားခဲ့သည်။ ၁၃ပွဲနိုင်၊ ၁၅ပွဲသရေ၊ ရှစ်ပွဲရှုံးသည်၊ ၄၈ဂိုးသွင်းပြီး ၃၆ဂိုးပေးရသည်၊ ၅၄မှတ်ရသည်။

လီဗာပူးကစားပုံ ဘာမင်ဂမ်ပွဲတွင် ကောင်းသည်။ အချိတ်အဆက်ရော၊ ကစားပုံပါကောင်းသည်။ နယူးကာဆယ်က ဝုလ်ဖ်ပွဲတွင် ညံ့သည်။ နောက်ဆုံးခြေကို နှိုင်းယှဉ်လျှင် လီဗာပူးက ကောင်းသည်။ သို့သော် နှစ်သင်း ခြေညီသည်။

လီဗာပူးကွင်းမှာ ကစားမည်။ ပထမအကျော့တွင် နှစ်သင်းစလုံး တစ်ဂိုးစီသရေကျသည်။ ယခုပွဲတွင် အိမ်ရှင်လီဗာပူး ရှုံးနိုင်သည်။ သရေအောက်ထစ်ပဲ ရနိုင်သည်။

မန်စီးတီး-အဲဗာတန်

ဘိုရီကို မန်စီးတီး ရှုံးသည်။ ရှစ်ပွဲနိုင်၊ ၁၄ပွဲသရေ၊ ၁၅ပွဲရှုံးသည်။ ဂိုး ၅၀ သွင်းပြီး ၅၃ဂိုး ပေးရသည်။ ၃၈မှတ်ရသည်။ ဘော်လ်တန်ကို အဲဗာတန် ရှုံးသည်။ ကိုးပွဲနိုင်၊ ၁၂ပွဲသရေ၊ ၁၆ပွဲ ရှုံးသည်။ ၄၄ဂိုးသွင်းပြီး၊ ၅၂ဂိုးပေးရသည်။ ၃၉မှတ်ရသည်။

ဘိုရီပွဲတွင် မန်စီးတီး ကစားပုံညံ့သည်။ ဘိုရီ၏ ဦးဆောင်ကစားမှုအောက်မှာ ရောက်ခဲ့သည်။ အဲဗာတန်လည်း ဘော်လ်တန်နှင့်ပွဲတွင် ကစားပုံ မကောင်းပါ။ နောက်ဆုံးပွဲများအရ နှစ်သင်းစလုံး ခြေညံ့ကြသည်။ နှစ်သင်း ခြေညီကြသည်။ မန်စီးတီးက အတွေ့အကြုံ၊ ဝါအရ အနည်းငယ် ပိုကောင်းသည်။

မန်စီးတီးကွင်းမှာ ကစားရမည်။ ပထမအကျော့တွင် နှစ်သင်းစလုံး ဂိုးမရှိ သရေကျသည်။ ယခုပွဲတွင် အိမ်ရှင် မန်စီးတီး သုံးမှတ်ရနိုင်သည်။

ပို့မောက်-မစ်ဒယ်ဘရော့

လက်စတာကို ပို့စ်မောက် ရှုံးသည်။ ၁၁ပွဲနိုင်၊ ကိုးပွဲသရေ၊၁၇ပွဲရှုံးသည်။ ၄၂ဂိုးသွင်းပြီး ၅၃ဂိုးပေးရသည်။ ၄၂မှတ်ရသည်။ မန်စီးတီးကို ဘိုရီနိုင်သည်။ ၁၂ပွဲနိုင်၊ ကိုးပွဲသရေ၊ ၁၅ပွဲရှုံးသည်။ ၄၅ဂိုးသွင်းပြီး ၄၇ ဂိုးပေးရသည်။ ၄၈မှတ်ရသည်။

လက်စတာနှင့်ပွဲတွင် ပို့စ်မောက်ညံ့သည်။ ပထမပိုင်း တစ်ပိုင်းလုံး ညံ့သည်။ ဒုတိယပိုင်းမှ အနည်းငယ် ကောင်းလာသည်။ မန်စီးတီးနှင့်ပွဲတွင် ဘိုရီကစားပုံ ကောင်းသည်။ နောက်ဆုံးပွဲခြေအရ ဘိုရီကောင်းသည်။ သို့သော် ပို့စ်မောက်ကလည်း ခြေစွာသည့် အသင်းတစ်သင်း ဖြစ်သည်။ ပို့စ်မောက် တကယ်ကစားလျှင် ဘိုရီလိုက်မီလိမ့်မည်မဟုတ်။

ပို့စ်မောက်ကွင်းမှာ ကစားမည်။ ပထမအကျော့တွင် ဂိုးမရှိသရေကျသည်။ ယခုပွဲတွင် နှစ်သင်း သရေထပ်ဖြစ်နိုင်သည်။

ဝုလ်ဖ်-စပါး(စ်)

နယူးကာဆယ်ကို ဝုလ်ဖ်က သရေကစားသည်။ ခုနစ်ပွဲနိုင်၊ ၁၂ပွဲသရေ၊ ၁၈ပွဲရှုံးသည်။ ၃၈ဂိုးသွင်းပြီး ၇၅ဂိုးပေးရသည်။ ၃၃မှတ်ရသည်။ ဘလက်ဘန်းကို စပါး(စ်) နိုင်သည်။ ၁၂ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၉ပွဲရှုံးသည်။ ၄၉ဂိုးသွင်းပြီး ၅၇ဂိုးပေးရသည်။ ၄၂မှတ်ရသည်။

ဝုလ်ဖ်ကစားပုံ နယူးကာဆယ်ပွဲတွင် သင့်သည်။ ၎င်းခြေရည်လောက်ဆိုလျှင် ခပ်မာမာ စပါး(စ်)ကို ခံကန်၍ရသည်။ စပါး(စ်)ကလည်း ဘလက်တန်ကို ခပ်ပါးပါးလေး ကပ်နိုင်သည်။ ခြေအသာနှင့် ကစားသွားနိုင်သည်။ ပုံမှန်ခြေကြည့်လျှင် စပါး(စ်)က ပိုကောင်းသည်။

ဝုလ်ဖ်ကွင်းမှာ ကစားရမည်။ ပထမအကျော့တွင် စပါး(စ်)က ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်သည်။ ယခုပွဲတွင် ပထမအကျော့မှ အဖြစ်မျိုး စပါး(စ်)ရဖို့ ခက်လိမ့်မည်။ ဝုလ်ဖ်က အိမ်ရှင်အားဖြင့် အနည်းဆုံး သရေရအောင် ကစားဖွယ်ရှိသည်။

မြန်မာ့ထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၄ လားရှိုး နန်းဟော်ဝန်ဥယျာဉ်တွင် ကျင်းပမည်

ရန်ကုန် မေ ၁၃

အရည်အသွေး ကောင်းမွန်စွာ စနစ်တကျ ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများ၊ ပြည်ပသွင်းကုန် အစားထိုးကုန်ပစ္စည်းများ၊ ကုန်ပစ္စည်း အမယ်သစ်(အမည်သစ်)များ အများ ပြည်သူအတွင်း ကျယ်ပြန့်စွာတိုက်ရိုက် ထိတွေ့လေ့လာနိုင်စေရန်နှင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး အတွက် အထောက်အကူပြု ဖြစ်စေရန် ရည်ရွယ်ကာ မြန်မာ့ထုတ်ကုန် ပစ္စည်းပြပွဲ ၂၀၀၄ Myanmar Products Expo' 2004ကို မေ ၁၅ ရက်မှ ၁၉ ရက်အထိ လားရှိုးမြို့နန်းဟော်ဝန် ဥယျာဉ်၌ Dragon Exhibitions Limitedက စည်ကားစွာကျင်းပမည် ဖြစ်သည်။

ပြပွဲတွင်ပြည်တွင်းပြည်ပမှအလှကုန်နှင့် လူသုံးကုန်ပစ္စည်း၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ စက္ကူ စာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်း၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်း၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းအလှဆုံး ပြင်ဆင်မှု ရွေးချယ်ခြင်းနှင့် Star Entertainment ၏ ကုန်ပစ္စည်း အရောင်း မြှင့်တင်ရေး ကြော်ငြာ သရုပ်ပြပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ရာ ဖုန်း- ၅၇၃၁၄၈ သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀)ဖြစ်သည်။

၂၀၀၄ခုနှစ် မတ်လအတွင်း မူးယစ်ဆေးဝါး ၂၅၄ မှု ဖမ်းဆီးနိုင်ခဲ့

ရန်ကုန် မေ ၁၃

၂၀၀၄ခုနှစ် မတ်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါး အမှုပေါင်း၂၅၄မှု ဖမ်းဆီးနိုင်ခဲ့ရာ ဘိန်း၃၉မှု အလေးချိန် ၁၄ ဒသမ ၃၄၂၂ကီလို၊ ဘိန်းဖြူ၇၃မှု အလေးချိန် ၄ ဒသမ ၇၀၇၃ကီလို၊ ဘိန်းညို အလေးချိန် ဒသမ ၀၁၅ကီလို၊ ဘိန်းဆီနှစ်မှု အလေးချိန် ၁ ဒသမ ၀၁၆၆ကီလို၊ အဆင့်နိမ့်ဘိန်း၁၅မှု အလေးချိန် ၁၂ ဒသမ ၆၈၅၂ကီလို၊ ဆေးခြောက် ၁၇မှု အလေးချိန်၁၇ ဒသမ ၇၇၅၇ကီလို၊ ဖင်ဆီဒိုင်းနှစ်မှု ပမာဏရှစ်လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား၆၇မှု ၄၃၂၂၅ပြား၊ အက်ဖီဒရင်း အလေးချိန်ဒသမ ၀၀၆ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည်နှစ်မှု ပမာဏဒသမ ၃၇လစ်တာ၊ ဘိန်းစာမှုန့်သုံးမှု အလေးချိန် ၉ ဒသမ ၁၀၉၇ ကီလို၊ ဒိုင်ယာဇီပမ်ဆေးပြားတစ်ပြား၊ ဗြူပရီနော်ဖင်းထိုးဆေးတစ်မှု ပုလင်း၂၀၀၊ မှတ်ပုံတင်ပျက်၁၃မှု၊အခြားအမှု၂၀ ဖမ်းဆီးရမိခဲ့သည်။

၂၀၀၄ ခုနှစ် မတ်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း၂၅၄မှု ဖမ်းဆီးရမိခဲ့ရာတွင် တရားခံ အမျိုးသား၂၅၆ဦး၊ တရားခံအမျိုးသမီး၆၄ဦး စုစုပေါင်းတရားခံ၃၂၀တို့အား ဥပဒေအရ အရေးယူခဲ့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၂၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၅** ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Correlation** (စီးပွားရေး၊စီးပွားစီမံ၊အိမ်တွင်းစီးပွား)
- **၅:၃၀** ၁၀။ ပညာခေတ်
- **၅:၄၅** ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်ကိုင်အိတ်ဒီဇိုင်းအလှနဲ့ အရမ်းကိုလှ" (အပိုင်း-၁)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း-၄၂) (ဇာတ်သိမ်းပိုင်း)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

HELLO Language School
4-ig skills - QUALITY ENGLISH CLASSES
ph : 298586

Asia Motor Works
Taxi
Fiat (128)
Fiat (7100)
Mark II (76 model)
Mitsubishi Galant (2C Engine)
Simca (4K Engine)

ထူးခြားမြစ်ရေ အခြေအနေသတင်း

ရန်ကုန် မေ ၁၃

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၀၆း၃၀ နာရီအချိန် တိုင်းထွာချက်များအရ မြစ်ကြီးနားမြို့တွင် ၆၈၆ စင်တီမီတာသို့ ရောက်ရှိနေပြီး ၂၄နာရီအတွင်း ၂၉၈ စင်တီမီတာ(၁၀ပေခန့်) တိုးလာသည်။ အဆိုပါ ဧရာဝတီမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၂၁၀ စင်တီမီတာ(ခုနစ်ပေခန့်)၊ နောက်ခြောက်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် ညောင်ဦးမြို့တို့တွင် ၁၅၀စင်တီမီတာ (ငါးပေခန့်) လက်ရှိရေမှတ်များထက် ရုတ်တရက် မြင့်တက်လာ နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်–၄၆(က) နေ ဦးဝင်းနိုင်ဇော်– ဒေါ်စိမ်းလဲ့လဲ့ခိုင်(သား) မောင်ပြည့်စုံဝင်းနိုင်၊ မောင်ကောင်းသန့်ဝင်းနိုင်မိသားစုတို့ကဆေးပဒေသာပင် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်သို့ မေ၈ရက်က ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်ပညာရေးတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်ပညာရေးတက္ကသိုလ် အစီအစဉ်ဖြင့် အင်္ဂလိပ်စာဌာနမှကြီးမှူးပြီး အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမည်	– အင်္ဂလိပ်စာသင်ကြားရေး နည်းပညာ ဒီပလိုမာသင်တန်း (Diploma in English Language Teaching Methodology)
လက်ခံသူဦးရေ	– (၃၀)ဦး
အနိမ့်ဆုံးပညာအရည်အချင်း	– ဘွဲ့ရ(မည်သည့်ဘွဲ့မဆို)
သင်ကြားမည့်နေရာ	– ရန်ကုန်ပညာရေးတက္ကသိုလ်
သင်ကြားပို့ချမည့်အချိန်	– တနင်္လာနေ့မှသောကြာနေ့အထိ၊ နေ့စဉ်နံနက်(၇း၀၀)နာရီမှ (၉း၀၀)နာရီထိ
သင်တန်းကာလ	– (၉)လ
သင်တန်းကြေး	– တစ်လ(၃၀၀၀)ကျပ်
ပေးအပ်မည့်လက်မှတ်	– (Diploma in English Language Teaching Methodology)
လျှောက်လွှာစတင်လက်ခံမည့်ရက်	– (၁၇–၅–၂၀၀၄)မှ (၂၇–၅–၂၀၀၄)အထိ
ဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက်	– (၂၉–၅–၂၀၀၄)နံနက်၉နာရီမှ ၁၂နာရီ
စာမေးပွဲကျင်းပမည့်နေရာ	– ရန်ကုန်ပညာရေးတက္ကသိုလ်
လျှောက်လွှာလက်ခံမည့်နေရာ	– ရန်ကုန်ပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန
စုံစမ်းရန်	– ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း – ၅၃၄၂၇၃၊ ၅၂၇၅၂၇။

SUCCESS LANGUAGE ACADEMY
SPOKEN ENGLISH
May - 15, 24 Jun - 7, 14, 21, 28
B.A. (English), Dip. in E.L.T.
202046

"မိတ်ဟောင်းမိတ်သစ်များအတွက်" အထူးအစီအစဉ်အဖြစ်

နေ့စဉ်နံနက်(၇)နာရီမှ နံနက်(၁၁)နာရီအတွင်း နံနက်စာ မြန်မာ့ရိုးရာအစားအစာ၊ ရှမ်းရိုးရာအစားအစာ၊ ဥရောပအစားအစာများနှင့် နေ့လယ်စာ၊ညစာများကို ဈေးနှုန်းချိုသာစွာဖြင့် (၁၅–၅–၂၀၀၄) နေ့မှစ၍ တိုးမြှင့်ရောင်းချပါမည်။

SARA Restaurant

လုံခြုံစိတ်ချရသောကားရပ်နားရန်နေရာ၊ ညှော့ဝတ်ကျေပွန်သောဝန်ထမ်းများ၏ ဝန်ဆောင်မှု အကောင်းဆုံးဝါရင့်စားဖိုမှူးကြီးများ၏ လက်ရာ။

အရသာအရှိဆုံး မြန်မာ့အစားအစာ၊ ဥရောပအစားအစာနှင့် တရုတ်အစားအစာများကို စားသောက်ရင်း ညစဉ် မြန်မာ့ဆိုင်းဝိုင်းနှင့်အတူ "မြန်မာ့ယဉ်ကျေးမှုအကပဒေသာ"နှင့် အနောက်တိုင်း Unplugged Music တေးဂီတသီဆိုဖျော်ဖြေမှုများကို အဆင့်အတန်းမြင့်မြင့် ကြည့်ရှုခံစားလိုသူ မိသားစုများ၊ အသင်းအဖွဲ့အစည်းများ၊ Travel & Tour ကုမ္ပဏီများ၊ နိုင်ငံခြားသားများ၊ စီးပွားရေး လုပ်ငန်းရှင်များအတွက် SARA Restaurant ကို အရောင်းမြှင့်တင်ပွဲပြုလုပ်လိုက်ပါပြီ။

နေ့စဉ်–နံနက်(၇)နာရီမှ ည(၁၁)နာရီထိ

(လူမျိုးမရွေး၊ ဘာသာမရွေး သုံးဆောင်နိုင်ပါသည်။)

မှတ်ချက်။ ညှော့ခံပွဲများ၊မွေးနေ့ပွဲများကိုလည်း အထူးဈေးနှုန်းဖြင့်ဆောင်ရွက်ပေးနေပါပြီ။
အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ Travel & Tour များအတွက် Special Discount

Dr. Tin Latt MANAGEMENT & ACCOUNTANCY TRAINING LTD
MAT Centre I | MAT Centre II | MAT Myitkyina Centre
MAT Quality & Success

ACCA Paper 1.1.1.2 (CBE Courses)
CAT (CBE Courses) Introductory & Intermediate Level
LCCI Level I, II (Certificate Course) Level III (Group Diploma Course)
• Diploma in Accounting (DA)
• Diploma in Management Accounting (DMA)
• Diploma in Cost Accounting (DCA)
• Diploma in Principles and Practice of Management (DPPM)
• Diploma in Business and Industrial Administration (DBIA)
• Diploma in Marketing (DMAR)
• Diploma in Managerial Principles (DMP)
Commencing Date 28.5.2004 (Yangon) 1.6.2004 (Myitkyina)
E-Learning for CBE Course
LCD Projector Multi-media E.Learning System
Registration Closing Date: 30th June 2004
For Sept. Exam :
LCCI Student CAT Advanced Level 20% Discount
Enroll Now !
Tel: 242431, 241713, 296781.
E.mail: Drtinlatt@mat.com.mm

ကျေးရွာချင်းဆက် ကတ္တရာလမ်းသစ်ဖွင့်

စဉ့်ကိုင် မေ ၁၀

စဉ့်ကိုင်မြို့နယ် ကင်းလပ် စံပြကျေးရွာ ကံကြီးမ မြတ်စွာဘုရားနှင့် ရွာဟောင်းကုန်းကျေးရွာ ပေါ်တော်မူမြတ်စွာဘုရားသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မေ ၄ ရက် နံနက် ၉ နာရီက အဆိုပါ လမ်းသစ်ဖွင့်ပွဲ မုခ်ဦး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးကို၊ ကျေးရွာဥက္ကဋ္ဌ ဦးညွန့်မောင်နှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတရုတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းအား ရန်ကုန်မြို့နေ အလှူရှင် ဦးမောင်ခင်-ဒေါ်ခင်မြထွန်း မိသားစုက မတည်ငွေ ကျပ် ၈၅၀၀၀၀နှင့် အလှူရှင် ၃၆ဦးက ထည့်ဝင်ငွေ ကျပ် ၆၃၈၀၀၀၊ စုစုပေါင်း ကုန်ကျငွေ ၁၄၈၈၀၀၀ ကျပ်ဖြစ်ပြီး လမ်းအကျယ် ၁၅ ပေနှင့် အရှည် ၁၁၅၀ ပေဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့နယ်သတင်းများ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ပဲခူးတိုင်း ပြည်မြို့ ဆင်စုရပ်ကွက် ထားဝယ်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တ စန္ဒိမာစာရအား ဂုဏ်ပူဇော်မင်္ဂလာနှင့် သက်တော်(၇၅)နှစ်ပြည့် မွေးနေ့ပွဲကို ဧပြီ ၂၅ ရက်က ထားဝယ်ကျောင်း၌ ကျင်းပရာ အလှူရှင်တစ်ဦးက ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၁၃၈)

ပုလဲမြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

ပုလဲ မေ ၇

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲအခမ်းအနားကို မေ ၅ ရက် နံနက် ၁၀ နာရီက ပုလဲမြို့ ပုလဲရတနာခန်းမတွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ပုလဲမြို့နယ်ဥက္ကဋ္ဌ ဦးတင်ကျော်အေးက အမှာစကားပြောကြားပြီး မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ရင်းမှူး ဒုတိယရဲမှူးကြည်စိန်က မီးသတ်တပ်ဖွဲ့ဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်က ကြက်ခြေနီအသင်း လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၀ ဦးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀ဦးတက်ရောက်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ချောင်းဆုံမြို့၌ စီမံကိန်းတာဝန်ပေးအပ် စီမံကိန်း ရည်မှန်းချက်များ ရှင်းလင်း

ချောင်းဆုံ မေ ၄

ချောင်းဆုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စီမံကိန်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံကိန်းဦးစီးမှူး ဦးကျော်မြင့်က ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ချောင်းဆုံမြို့နယ်၌ ဆောင်ရွက်သွားမည့် စီမံကိန်းရည်မှန်းချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်မြင့်က ဌာနဆိုင်ရာများအား စီမံကိန်းတာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

လေ့ကျင့်

မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးမီးဘေးကြိုတင် ကာကွယ်ရေးအတွက် အမှုဆောင်အရာရှိ ဦးတင်မောင်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အရန် မီးသတ်တပ်ခွဲမှူး ဦးလှသိန်းနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ဧပြီ ၃၀ ရက်က စုပေါင်းလေ့ကျင့်ကြစဉ်။

(မြို့နယ်စည်ပင်)

ငပုတောမြို့နယ် ကျောက်စုဆောင်းမှု ကြည့်ရှုစစ်ဆေး

ငပုတော မေ ၄

၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် ငပုတောမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် လမ်းနှင့် တံတားများကို စဉ်ဆက်မပြတ် ပြုပြင်တည်ဆောက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကတ္တရာလမ်းနှစ်လမ်း၊ ကျောက်ချောလမ်း တစ်လမ်းအတွက် ကျောက်ကြီးများ စတင်စုဆောင်းရောက်ရှိမှု၊ မြို့နယ်အတွင်းရှိ မြောင်းကူးတံတားနှစ်စင်း တည်ဆောက်မှု၊ မြို့ဝင်ဆိုင်းဘုတ်နှင့် လမ်းဘေးပလက်ဖောင်း ကပ်တုံးများ ပြုလုပ်ရန် အုတ်များ စုဆောင်းရောက်ရှိမှုတို့အား ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေးသည် မေ ၄ ရက်က သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)**

ကျေးရွာလမ်းများ ပြုပြင်တည်ဆောက်

နွားထိုးကြီး မေ ၅

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာလမ်းများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-ဦးစီးမှူး ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များသည် နွားထိုးကြီး-ဝွေးပင်တောလမ်း အဆင့်မြင့် မြေသားလမ်းခင်း ဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဝွေးပင်တောကျေးရွာဥက္ကဋ္ဌ ဦးဖိုးနီနှင့် တာဝန်ရှိသူများက လမ်းမြေသားလမ်း ပြုပြင်ဆောင်ရွက်နေမှု အခြေအနေ၊ လမ်းကြိတ်စက်ဖြင့် လမ်းခင်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီပံ့ပိုးခဲ့သည်။ နွားထိုးကြီး-ဝွေးပင်တောလမ်းမှာ အရှည် နှစ်မိုင်နှစ်ဖာလုံရှိပြီး နိုင်ငံတော်မှ ငွေကျပ် ၁၀ သိန်း အကုန်အကျခံ၍ မြေသားလမ်းခင်းနေခြင်းဖြစ်ကြောင်း သိရသည်။ **(၉၄)**

တာချီလိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း အရည်အချင်းပြည့်မီသူ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဧပြီ ၁၉ ရက်က ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်က ကျောင်းသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေး ငါန်းဇွန်မြို့နယ်၌ စက်ရေတွင်းဖွင့်

ငါန်းဇွန် မေ ၁၀

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သောက်သုံးရေဖူလုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစီအစဉ်ဖြင့် ကျေးရွာစက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ငါန်းဇွန်မြို့နယ် လက်ပံကားလျား ကျေးရွာ၌ မေ ၅ ရက်က ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်ပြည်သူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ဖွင့်လှစ်ပေး

ကျေးရွာစက်ရေတွင်းသစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကိုသန်း၊ စည်ပင်သာယာအမှုဆောင်အရာရှိ ဦးသောင်းထိုက်တို့က ဖွင့်လှစ်ပေးပြီး စည်ပင်သာယာအင်ဂျင်နီယာ ဦးမင်းထိုက်က စက်ရေတွင်း တူးဖော်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(မြို့နယ်ပြန်/ဆက်)**

ညောင်ကန်ကျေးရွာ နယ်လှည့်စာကြည့်တိုက်ဖွင့် ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲ ကျင်းပ

သာစည် မေ ၃

သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် လုပ်ငန်းစီမံချက်များ ရေးဆွဲ၍ ကျေးရွာ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ပညာပေး ဟောပြောပွဲများကို ကျေးရွာများတွင် အမြဲတစေ ပြုလုပ်လျက်ရှိသည်။

—— ဖဲကြိုးဖြတ်ဖွင့်လှစ် ——

ထိုသို့ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ပညာပေးဟောပြောပွဲများကို ညောင်ကန်ကျေးရွာ အမကကျောင်း၌ ဧပြီ ၂၈ရက်က ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာပြည်သူများက ခင်းကျင်းပြသထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေး မှတ်တမ်း ဓာတ်ပုံများ၊ နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြိတ်မြို့နယ် ရှမ်းချောင်းရွာသစ်ကျေးရွာချင်းဆက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းအား မေ ၆ ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဦး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ဝင်းတို့က လမ်းအခြေအနေကို ရှင်းလင်းပြသစဉ်။ (မြို့နယ်/စည်ပင်)

အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး နွေရာသီစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

ပြည်မြို့ မေ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော နွေရာသီစက်ချုပ်သင်တန်း အမှတ်စဉ် ၁/၂၀၀၄ သင်တန်းဆင်းပွဲ အခမ်းအနားကို ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဂုဏ်ပြုလက်ဆောင်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နိုင်နိုင်မော်က အမှာစကားပြောကြားပြီး သင်တန်းသူ ၁၂ ဦးတို့အား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အခမဲ့သင်ကြား

ထို့နောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး စက်ချုပ်သင်တန်းကို ခြောက်ပတ်ကြာ အခမဲ့သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

(က-ပ)

သရုပ်ပြ

နေပြည်မြို့နယ် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး အမှတ်(၆၂၁)၊ တန် ၁၀၀ စက်ရုံဝင်းအတွင်း၌ စက်ရုံမှူးဦးမျိုးဆက်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ဧပြီ ၂၉ ရက်က မီးငြိမ်းသတ်ရေး လက်တွေ့ဇာတ်တိုက် သရုပ်ပြစဉ်။

(၁၆၄)

မေလ (၁၄)ရက်နေ့မှစ၍ ရန်ကုန် - ရွှေဆောင်အဆင့်မြင့်၊ နေပြည်တော်အဆင့်မြင့်၊ နဝဒေးအဆင့်မြင့်၊ မဟာမြိုင်(အင်းစိန်)

ပဲခူး - ညွန့်၊ မိတ္ထီလာ - ဂရင်း၊ ပြင်ဦးလွင် - ချယ်ရီလွင်၊ မြို့မ ရုံတို့တွင် တစ်ပြိုင်တည်းအောင်ပွဲခံပြသနေပါပြီ။

ကာရန်ဟန်

ဒွေး ဇာဂနာ
စိုးမြတ်သူဇာ
နန္ဒာလှိုင်
ထွန်းထွန်းဝင်း ခင်စိုးပိုင်
ခင်သန်းနွယ်

တစ်ပတ်စာကြိုတင်လက်မှတ်များ ရောင်းချနေပါပြီ။

[illegible]	[illegible]
၁၀ း ၀၀	၁၀ း ၀၀
၁၂ း ၃၀	၂ း ၀၀
၃ း ၃၀	၅ း ၀၀
၆ း ၃၀	၈ း ၀၀
၉ း ၃၀	

စိတ်ညစ်နေလား စိတ်ကောက်နေလား တဝါးဝါးတဟားဟားရယ်လိုက်ရအောင် ကာရန်အကျွဲ သို့ကြွခဲ့ပါ

အမြန် အလို ရှိသည်

Secretary (၂၅-၃၀) ... Computer & English ...

ယာဉ်မောင်း(၁)ဦးအလိုရှိသည်
(ပြည်တွင်း၌ခန့်ထားရန်)
- အသက်(၃၀)မှ (၅၀)နှစ်အတွင်း
- လိုင်စင်ရှိ၍ ယာဉ်မောင်းလုပ်သက် အနည်းဆုံး(၃)နှစ်ရှိရမည်။
- အသောက်အစား ကင်းရှင်း၍ ရုပ်ရည်သန့်ပြန့်သူဖြစ်ရမည်။
- အလုပ်သမားမှတ်ပုံတင် မိတ္တူပါရှိရမည်။
- ရုံးချိန်နှင့်ရုံးချိန်ပြင်ပတွင် မောင်းနိုင်သူဖြစ်ရမည်။
ဖုန်း-၂၅၀၃၂၆၊ ၃၈၀၈၁၈၊ ၃၇၆၀၄၅။

အခြေခံသော အထက်တန်း ကြေးကို/ ဆောင်မြင် ပြီးသူများ အတွက် ... LCCI သင်တန်းများ ...
MCC STANDARD
Business and Training Centre
... ရန်ကုန်။
☎ ...

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာ ခန့်ထားရန်)
၁။ အထွေထွေအလုပ်သမား ကျား(၁၀)ဦး
၂။ ယာဉ်မောင်း ကျား(၆)ဦး
လိုင်စင်(ခ/ဃ/င)
ယာဉ်မောင်းသက်တမ်း
အနည်းဆုံး(၃)နှစ်ရှိရမည်။
၃။ လုံခြုံရေး ကျား(၂)ဦး
လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၁)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်၊ သန်းခေါင်စာရင်းမိတ္တူနှင့်အတူ အမှတ် ၁၀၆၊ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်သို့ လူကိုယ်တိုင်ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

သင်္ဘောသားများ ... / ... ကြော်ငြာစာ

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	MYA [illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	WMDT [illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

နှစ်(၅၀)မြောက်ရွှေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင်ဖေဖေ **ဗိုလ်မှူးကြီးစိုးလွင်**(ငြိမ်း)နှင့် မေမေ **ဒေါ်ခင်ထားထား** တို့၏ မေလ၂၀၀၄တွင် ပြည့်မြောက်သော နှစ်(၅၀)ရွှေရတု မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားသမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် ဘဝကိုရှေ့ဆက်လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းမေတ္တာပို့သလျက်---။

ချစ်သားသမီးများ- ဦးခင်မောင်သန်း၊ ဒေါ်ရီရီလွင်(စက်မှု-၁)
ဒေါ်ကတ္တရွန်းလွင်၊ ဒေါ်မြမြဝင်း(မြရွှေဆိုင်)
ဒေါ်သီသီလွင်(စက်မှု-၁)
ဦးဝင်းလွင်(လဝက)၊ ဒေါ်မြင့်မြင့်ဝေ
ဦးစန်းလွင်

ချစ်မြေးများ - အောင်ကိုကို၊ အောင်ညီညီ၊ ဆုရတနာလွင်၊ ထက်ထက်လွင်၊ ထက်ဖြိုးအောင်၊ ထက်မြတ်အောင်၊ ထက်ယဉ်း၊ သဥ္ဇာ။

လက်ထပ်ပြီးစီးခြင်း

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ဦးဘွားလမ်း၊ အမှတ်(၁၃/၈)နေ ဦးဝင်းမောင်-ဒေါ်နွဲ့နွဲ့(ရွှေပုစွန်-ငါးပိငါးခြောက် ရောင်းဝယ်ရေး) တို့၏သားဦး

မောင်မျိုးမင်းထက် B.Sc(Physics)

နှင့်

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ၅လမ်း၊ အမှတ်(၄/၅၀)နေ ဦးကျော်သန်း-ဒေါ်ကြည်ကြည်မြင့်(ရွှေအိုးကြီးစားတော်ဆက်) တို့၏သမီးဦး

မစန္ဒာကျော် B.A(Business Management)

တို့သည် ၄-၅-၂၀၀၄ရက်နေ့တွင် ရန်ကုန်တိုင်းတရားရုံး၌ နှစ်ဖက်သော လူကြီးမိဘများရှေ့မှောက်တွင် လက်မှတ်ရေးထိုးလက်ထပ်ပြီးစီး၍ ၅-၅-၂၀၀၄ရက်နေ့တွင် အမှတ်-၂၅၇၊ ၄လွှာ၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ နေအိမ်၌ မင်္ဂလာဦးဆွမ်းကျွေးပြုလုပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးမင်းထက်-မစန္ဒာကျော်။

" ခွေးခနနုတောင်း "

ချစ်သားလေး [illegible] ရဲ့ ၁၄.၅.၂၀၀၄ နေ့မှာ ကျရောက်တဲ့ ၂ နှစ်ပြည့် မွေးနေ့မှ နောင်နှစ်ပေါင်းများစွာ တိုင်အောင် ကောင်းခြင်းမြာမြာ ပြည့်စုံစွာဖြင့် အမျိုးမြင့်မြတ်၊ ထူးချွန်ထက်မြ၍ လောကီ လောကုတ္တရာ ကျိုးနှစ်ဖြာကိုဆောင်ထားနိုင်း သယ်ပိုးနိုင်သောသားကောင်း သားမြတ် သားရတနာ မလွဲစကန် ဖြစ်စေရန်ကို ချစ်ခြင်းမေတ္တာပြည့်ဝစွာဖြင့် ဆုတောင်းဆုမွန်ပြုလိုက်ပါ၏။

ဖေဖေ ဦးလှိုင်ဦး (Director) (Myitta Ngwe Yi Trading Co., Ltd.)

မေမေ ဒေါ်ထားထား (Director) (Apac Pte Ltd.)

ကျေးဇူးတင်လွှာ

ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း(ရန်ကုန်)၏ မြန်မာနိုင်ငံမြောက်ပိုင်း ဒေသသေ့ရှ ရဗဟုသုတလေ့လာရေးခရီးစဉ်(၅-၄-၂၀၀၄မှ၁၇-၄-၂၀၀၄) အတွင်း နွေးထွေးစွာကြိုဆိုခြင်း၊ တန်ဖိုးရှိသော ဩဝါဒကကားနှင့် ဗဟုသုတများကို ကြားနာလေ့လာခွင့်ရခြင်း၊ လိုအပ်သည်များကို ကူညီ ထောက်ပံ့ခြင်းတို့အတွက် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးချောင်ပိုင်ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အတွင်းရေးမှူးနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ပြည်နယ်အုပ်ချုပ်ရေးမှူး၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုင်းနား၊ ခေတ်ချို၊ နမ့်ဖတ်၊ မိုးကောင်း၊ ဟိုပင်၊ နမ့်မွန်း၊ အင်းတော်ကြီး၊ တကွင်း၊ ဘီလူမြို့၊ မိုးညှင်းမြို့၊ မော်ဟန်ဒေသတို့မှ မြို့နယ်အာဏာပိုင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းလူကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကချင်ပြည်နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်၊ ကျေးရွာအသီးသီးမှ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းမှ လူကြီးမင်းများ၊ မြို့မိမြို့ဖများ၊ လူငယ် မောင်မယ်များ၊ မန္တလေးမြို့ရှမ်းသာရေးနာရေးအသင်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ လူကြီးမင်းများနှင့် လူငယ်မောင်မယ်များကို ကျေးဇူး တင်ထိုက်သူများကို လိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း(ရန်ကုန်)။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်ပညာရေးတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်ပညာရေးတက္ကသိုလ် အစီအစဉ်ဖြင့် အင်္ဂလိပ်စာဌာနမှုကြီးမှူးပြီး အောက်ပါ M.A(TEFL) (Teching of English as a Foreign Language)(အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း) သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမည်	M.A(TEFL) (Teching of English as a Foreign Language)
လက်ခံမည့်ဦးရေ	(၂၀) ဦး
အနိမ့်ဆုံးပညာအရည်အချင်း	တက္ကသိုလ်တစ်ခုခုမှ အသိအမှတ်ပြုဘွဲ့လက်မှတ်ရရှိပြီးသူဖြစ်ရမည်။
သင်တန်းဝင်ခွင့်	ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်။ (တက္ကသိုလ်များရှိ အင်္ဂလိပ်စာဌာနများမှ M.Phil, Dip. ELT ရရှိထားသူများကို တိုက်ရိုက်ဝင်ခွင့်ပြုမည်။)
သင်ကြားပို့ချမည့်အချိန်	တနင်္လာနေ့မှ သောကြာနေ့ထိ၊ နေ့စဉ် (၁၃:၀၀)နာရီမှ (၁၇:၀၀)နာရီထိ
သင်တန်းကာလ	(၂)နှစ်
သင်တန်းကြေး	တစ်လ (၅၀၀၀)ကျပ်
ပေးအပ်မည့်ဘွဲ့	M.A(TEFL) (Teching of English as a Foreign Language)
လျှောက်လွှာစတင်လက်ခံမည့်ရက်	၁၇-၅-၂၀၀၄ မှ ၂၇-၅-၂၀၀၄ အထိ
ဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက်	၂၉-၅-၂၀၀၄ နံနက် ၉နာရီမှ ၁၂နာရီ
လျှောက်လွှာလက်ခံမည့်နေရာ	ရန်ကုန်ပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန
စုံစမ်းရန်	ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း-၅၃၄၂၇၃၊ ၅၂၅၅၂၇။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ခရမ်းမြို့၊ (၄)ရပ်ကွက်၊ စနေလမ်း၊ အမှတ်(၁၃၀)နေ (ဦးသိန်းဇံ)-ဒေါ်ခင်မြင့်တို့၏သား

ဗိုလ်ကြီးဇော်မိုး B.Sc(Maths) Q, D.C.Sc, M.I.Sc

(နည်းပြ၊ ကွန်ပျူတာဌာန စစ်တက္ကသိုလ်) နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်(၁၅၈၁)နေ ဦးစိန်သောင်း-ဒေါ်အေးအေးမြင့်(အောင်သိဒ္ဓိရောင်းဝယ်ရေး)တို့၏သမီး

မလင်းလင်းယု Final Year (Eco)

International Diploma in Computer Studies (UK)

တို့၏ ၁-၅-၂၀၀၄ရက်နေ့ Yuzana Garden Hotel ၌ ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့်ဇနီး ဒေါ်သင်းနွယ်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် အရာရှိကြီးများ၊ ဘုရင့်နောင်ပွဲရုံမှ ကုန်သည်ကြီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးသော တေးသံရှင် စိမ်းမိုးမို့၊ မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မိတ်ကပ်ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဒေါ်လာမြင့်အောင်၊ မင်္ဂလာသတို့သားအရန်ဗိုလ်ကြီးတင်သောင်းလင်း၊ ဗိုလ်ကြီး စိုးမြင့်သိန်း၊ မင်္ဂလာသတို့သမီးအရန်မကေဇာဇာဇော်၊ မဥ္စုညိုသက်ဇော်၊ မင်္ဂလာပန်းကြဲပေးသော မချယ်ရီဖြိုး၊ မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မနှင်းဖြူဖြူအောင်နှင့်မအိအိဖြူတို့အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင်ဗီဒီယို ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ဓာတ်ပုံမြဝတီကျော်ဝင်းအားလည်းကောင်း၊ ရယ်နီးရယ်ဝေးမှမင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေ၊ သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇော်မိုး-မလင်းလင်းယု။

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေ၊ အမိန့်-၂၁၊ နည်း-၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-(၁၁၄)

မထက်ထက်အောင် **မြားစက္ကူဝန်ဆောင်မှုကုမ္ပဏီလီမိတက်**
နှင့် (Arrow Paper Services Co.,Ltd)
တရားနိုင် **တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်(၈၅၉/၀၃)တွင် (၂၇-၂-၂၀၀၄)နေ့စွဲပါ ငွေဒီကရီ အတည်ပြုဆောင်ရွက်ရန်အတွက် ရန်ကုန်တိုင်းတရားရုံး၊ ဘီလစ်ရုံးခန်းတွင် (၁၄-၆-၂၀၀၄)နေ့၌ လေလံတင်ရောင်းချပါမည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ယာဉ်အမှတ် - ၄၈/၁၉၇၈ (Mitsubishi Canter) (၁)စီး၊ ကြိမ်းခင်းဈေး ကျပ်(၁၂၀)သိန်း

မှတ်ချက်။ - (က) အထက်ဖော်ပြပါကားသည် တရားရုံးကုမ္ပဏီပိုင်ဖြစ်သည်။
(ခ) ဖော်ပြပါကားသည် ရန်ကုန်တိုင်းတရားရုံး ဘီလစ်လက်ဝယ်တွင်ရှိသည်။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမှုသည် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၄ခုနှစ်၊ မေလ (၇)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

(သိန်းသိန်းညွန့်)
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး

ကျွမ်းကျင်ဝန်ထမ်းများအလိုရှိသည် (ပြည်တွင်း၌ ကျပ်ငွေဖြင့် ခန့်ထားရန်)

EXCEL TREASURE TOWER ရှိ HOTEL & SHOPPING MALL တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။

၁။	Manager	(ဘွဲ့ရ)	ကျား/မ (၂) ဦး
၂။	Account (B.Com/L.C.C.I Level-3)		ကျား/မ (၅) ဦး
၃။	Cashier	(ဘွဲ့ရ)	မ (၅) ဦး
၄။	Marketing Supervisor	(ဘွဲ့ရ)	ကျား/မ(၁၀) ဦး
၅။	Sales & Distribution	(ဘွဲ့ရ)	ကျား/မ(၂၅) ဦး
၆။	Sales Promoter (အထက်တန်းအောင်)		ကျား/မ(၃၅) ဦး
၇။	Engineer (B.E,A.G.T.I)		ကျား/မ (၆) ဦး
၈။	Computer Expert		ကျား (၅) ဦး
၉။	Driver		ကျား (၅) ဦး
၁၀။	Cook (Chef)		ကျား (၈) ဦး
၁၁။	Duty Manager		ကျား (၄) ဦး
၁၂။	Food & Beverage Manager		ကျား (၂) ဦး
၁၃။	Receiptionists		ကျား (၈) ဦး
၁၄။	House Keeping & Laundry Manager		မ (၂၀) ဦး
၁၅။	Bell-boys		ကျား(၈) ဦး
၁၆။	Waiter		ကျား (၃၀) ဦး
၁၇။	Security (အထက်တန်းအောင်)		ကျား (၁၅) ဦး

အမှတ်စဉ် (၁၁)၊ (၁၆) အတွက် လုပ်ငန်းစီမံခန့်ခွဲမှု ကျွမ်းကျင်ပြီး၊ English ဘာသာ အရေး၊ အပြော တတ်ကျွမ်းသူဖြစ်ရမည်။
အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်ပြေပြစ်သူ၊ အပြောအဆိုသွက်လက်ယဉ်ကျေးသူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ ကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း Excel Treasure Tower အမှတ်(၅၂၀)၊ ကမ္ဘာအေးစေတီလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ (Ph:559744)သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

MYANMAR TONG TAH TRADE FAIR 2004
မြန်မာတုန်းထားကုန်စည်ပြပွဲ ၂၀၀၄
[illegible]

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နော်ရပ်ကွက်၊(၈၈)လမ်း၊ အမှတ်(၁၈)နေ (၁) ဒေါ်နွဲ့ရီ [၁၀/မလမ(နိုင်)၀၈၅၁၆၂] ကိုင်ဆောင်သူ၊ (၂) ဒေါ်ဇော်ဇာ [၁၀/မလမ(နိုင်)၁၅၁၄၇၁] ကိုင်ဆောင်သူ၊ (၃) ဦးဇော်ဝင်းသိန်း [၁၀/မလမ(နိုင်)၁၁၂၂၂၇] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မော်လမြိုင်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂-၁၂-၁၉၉၄ရက်နေ့တွင် ဦးမာမက်ဆာလေ၊ မှတ်ပုံတင်အမှတ်(အကျိ-၁၈၀၃၆၀)ကိုင်ဆောင်သူသို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာနံပါတ်-၂၃၅/၉၄အား အထက်အမည်ပါ (၃)ဦးတို့မှ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ- ဦးတင့်ဆန်း B.Sc, R.L၊ တရားရုံးချုပ်ရှေ့နေ
အမှတ်-၁၆၁၊ A-၃-မြေညီထပ်၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ငွေ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ (Ex; Captain) ရန်ကုန်ဂေါက်သီးရိုက်အသင်းသည် ၁၁-၅-၂၀၀၄နေ့ ည(၉:၄၅)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်
အသင်းသူ၊ အသင်းသားများ
ရန်ကုန်ဂေါက်သီးရိုက်အသင်း။

ကျောင်းသုံးရှုံ GCE သင်တန်း
GCE, TOEFL, IELTS, English Grammar Class
Commencing Date : May 2004
[illegible] ရန်ကုန်မြို့။ ☎ 212387, 252821

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

[illegible] KING METAL TRADING CO.,LTD [illegible]

K-MARK®
JAPAN DESIGN
ALUMINIUM LADDER & ACCESSORIES

[illegible] (ALUMINIUM LADDER) [illegible] KING METAL TRADING CO., LTD [illegible]

ဒေါ်သမ္မီး LL.B,D.B.L,D.I.L [illegible]

MCC

ICT Professional တစ်ယောက်ဖြစ်စေရန် အခြေခံမှစ၍ သင်ကြားပေးမည် .....

ICT Foundation Course

[illegible] ဖုန်း ၂၄၅၅၅၅၀၊ ၃၈၀၀၈၉၇

ယမုံနာ Car Rental

ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်

☎ 526722

မောင်ဝိန့်ဝင်း (ဥသျှစ်ကုန်း)

တော်ဝင်စံပယ်ချယ်ရီရိုးမရိုး မကောင်းစေဖြ

[illegible]

သဘာဝအသီးဖျော်ရည်အနှစ်များ

- [illegible]
- [illegible]
- [illegible]

(JAM) [illegible] (JAM)

"မြနန်းနိုင်" [illegible]

[illegible]

KMD Computer Centre

- [illegible]
- Fully Air Conditioned [illegible] Hand out, 10 years Old Questions and Answers, Text books [illegible] B.Com, R.L [illegible]

KMD

550-552, Merchant Road, Kyauktada Tsp, Yangon. Tel : 249156 / 381036

LCCI

Accounting Course

Level I,II

Book-keeping & Accounts

Commencing Date

22 May 2004

(7:30 - 10:30)

Sat,Sun

ဘောင်ဆိုးရွှက်ကြေးချစ်သက်သေ တေးဂီတ အဆိုပြိုင်ပွဲ အစီအစဉ်

အမျိုးသား	လျှောက်လွှာအမှတ် ၁၀၁	မှ	၁၄၂၆	ထိ	၂၅-၅-၀၄	[illegible]
အမျိုးသား	လျှောက်လွှာအမှတ် ၁၄၂၇	မှ	[illegible]	ထိ	၂၆-၅-၀၄	[illegible]
အမျိုးသား	လျှောက်လွှာအမှတ် [illegible]	မှ	[illegible]	ထိ	၂၉-၅-၀၄	[illegible]
အမျိုးသမီး	လျှောက်လွှာအမှတ် [illegible]	မှ	၁၂၁၃	ထိ	၂၉-၅-၀၄	[illegible]
အမျိုးသမီး	လျှောက်လွှာအမှတ် [illegible]	မှ	[illegible]	ထိ	၃၀-၅-၀၄	[illegible]
အမျိုးသမီး	လျှောက်လွှာအမှတ် [illegible]	မှ	[illegible]	ထိ	၃၁-၅-၀၄	[illegible]
အမျိုးသမီး	လျှောက်လွှာအမှတ် [illegible]	မှ	[illegible]	ထိ	၁-၆-၀၄	[illegible]

အချိန် နေ့စဉ် နံနက် (၁၀း၀၀)နာရီတွင် [illegible]

နေရာ SPANKY STUDIO အမှတ် [illegible] ကမ်းနားလမ်း [illegible] ရန်ကုန်မြို့။

[illegible] KISS Music - Video [illegible]

ဖုန်း - [illegible]

CHALLENGER

Network Game Center

CHALLENGER Network Game Center ကို ၁၅-၅-၂၀၀၄ နေ့တွင် Excel Treasure Shopping Mall ၌ စတင်ဖွင့်လှစ်လိုက်ပါပြီ။ ဆိုင်ဖွင့်ပွဲ Promotion အဖြစ် သတင်းစာ ဖြတ်ပိုင်းယူဆောင်လာသူတိုင်းကို Free Member Card များ ပေးသွားမည်ဖြစ်ပါသည်။ ၎င်း Member Card သည် Promotion ကာလ ၁၅-၅-၂၀၀၄ မှ ၃၁-၅-၂၀၀၄ အတွင်း မိမိကြိုက်နှစ်သက်ရာ Games များကို အခမဲ့ကစားနိုင်မည်ဖြစ်သည်။

ဆိုင်ဖွင့်ချိန်

(နေ့စဉ်နံနက်-၉နာရီမှ ည-၁၂ နာရီထိ)

နေ့စဉ်ဆိုင်ဖွင့်ပါသည်

Best Place for Your Quality Leisure Time

Game Free ကစားရအောင် !!

လိပ်စာ

EXCEL TREASURE SHOPPING MALL

ဆိုင်ခန်းအမှတ်-၂၇(ဓာတ်လှေကား)

အမှတ် (၅၂၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ကားရောင်းမည်

NISSAN Civilian ၆ခ/---

အားလုံးရှင်း၊ ပွဲစားမလို

96-Model၊ Ph: 500875

Yan Aung

ကားမျိုးစုံငှားနိုင်ပါသည်။

(၂၄-နာရီ)ဝန်ဆောင်မှု

☎ 256790, 380291 242967

အမြန်အလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

အထည်ချုပ်စက်ရုံအတွက် အမျိုးသမီးစက်ချုပ်ကျွမ်းကျင်သူများ အမြန်အလိုရှိသည်။

စက်ရုံသုံး မော်တာစက်အမျိုးမျိုးကို ကျွမ်းကျင်စွာ ချုပ်လုပ်နိုင်သူဖြစ်ရမည်။ အတွင်းခံချုပ်အထည်ချုပ်စက်ရုံကြီးများတွင် လုပ်ကိုင်ဖူးသည့်လုပ်ငန်း အတွေ့အကြုံရှိသူများအား ဦးစားပေးမည်။

လျှောက်ထားသူများသည် မိမိတို့၏ လျှောက်လွှာနှင့်အတူ ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ ပူးတွဲတင်ပြရမည်။

သတင်းစာတွင်ဖော်ပြသည့်ရက်မှ(၂)ပတ်အတွင်းလျှောက်ထားရန်

ဆက်သွယ်ရန်လိပ်စာ- ၁၃၇-ခ၊ သုမင်္ဂလာလမ်းကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၆၅၀၁၃၃၊ ၆၅၁၄၁၃။

ရွှေညီနိုင် ကားအရောင်းဆိုင်

Hilux, VAN, Saloon, Pickup, Townace [illegible]

☎ 249380, 730609, 710696

ကုမ္ပဏီလမ်းညွှန်

ဆင့်တန်း (၂၂-၅-၀၄)

[illegible]

☎ 382731, 536914(Ext)16

REAL JOY

[illegible]

HIACE, TOWNACE, MINI BUS,

[illegible]

☎ 09-59-18346, 284866, 282678

အမည်ပြောင်းခြင်း

အဖ ဦးအောင်မိုး၏ သမီး မယဉ်မေဦး ပထမတန်း (C) အလက (၁)ရန်ကင်း (Y.T.T.C)အား မထက်သူဇာတင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မထက်သူဇာတင်။**

အမည်ပြောင်းခြင်း

ပုသိမ်မြို့နေ ဦးစံလွင်၏သား အလက(၁)စတုတ္ထတန်းမှ မောင်ရဲစိုးထွဋ်အား မောင်ကောင်းထက်စံ ဟု ပြောင်းလဲခေါ်ပါရန်။ **ကောင်းထက်စံ။**

ဖခင်အမည်မှန်

အထက(၂) တောင်ဥက္ကလာပ အဋ္ဌမတန်း(ဂ)မှ မောင်တင်အောင်ဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်လွင်ထူး ဖြစ်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကင်ဝှက်(မော်လမြိုင်)(၇၈)နှစ်

မော်လမြိုင်မြို့၊ တောင်ဝိုင်းဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးစိန်ဟော်၏ဇနီး ဒေါ်ကင်ဝှက်သည် ၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။ **အဘိုး၊ အဘွားများ အမှုဆောင်အဖွဲ့နှင့်ဝန်ထမ်းများ၊ မော်လမြိုင် တောင်ဝိုင်းဘိုးဘွားရိပ်သာ။**

အမည်ပြောင်းခြင်း

အဖ ဦးအုန်းသန်း၏သား မောင်တင်ထွန်းထွေး (Myanmar Lucky Star စက်ရုံ) [၁၂/ဥကမ(နိုင်) ၀၉၄၈၅၄]အား ယနေ့မှစ၍ မောင်တင်ထွန်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။**မောင်တင်ထွန်းကျော်။**

မြေညီတိုက်ခန်းရောင်းမည်

[illegible] YMBA [illegible] HK [illegible] Air-Con [illegible]

ဖုန်း-[illegible]

မြို့မ

DOLBY DIGITAL SOUND [illegible]

KHILADI 420

Starring:

ASHAY KUMAR,

MAHIMA CHOUDARY

MUKESH RISHI

ပွဲချိန်သတ်မှတ်ချက်

၁၀ း ၀၀ နာရီ

၂ း ၁၅ နာရီ

၅ း ၃၀ နာရီ

၈ း ၄၅ နာရီ

ပြမည် - ၁၄ • ၅ • ၂၀၀၄

အများသိစေရန်ကြေညာချက်

[illegible]

စဉ်	အမည်	[illegible]	[illegible]	[illegible]
၁	[illegible]	MBA - [illegible]	[illegible]	[illegible]
၂	[illegible]	CE - [illegible]	[illegible]	[illegible]
၃	[illegible]	AA - [illegible]	[illegible]	[illegible]
၄	[illegible]	MBBS [illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	CBK - [illegible]	[illegible]	[illegible]
၇	[illegible]	BBA - [illegible]	[illegible]	[illegible]
၈	[illegible]	BA - [illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ကားအမြန်ဝယ်မည်၊

(Dyna, Canter & Lite Ace)

(၈၀-၈၉) အထက်

[illegible]

ပွဲစားမလိုပါ။

[illegible]

ဆက်သွယ်ရန် -

Ph - 01-524557, 01-535028

အမည်ပြောင်းခြင်း

ပေါင်မြို့နယ် အလက သဲကုန်းမှ ဦးဝင်းဇော်-ဒေါ်မိုးလွင်တို့၏ သားသမီးများဖြစ်ကြသော အဋ္ဌမတန်းမှ မောင်ရဲဇော်အောင်အား မောင်သိန်းထူး၊ ပဥ္စမတန်း(ဘီ)မှ မောင်ဖြိုးအောင်ဇော်အား မောင်ဖြိုးအောင်ကျော်၊ သူငယ်တန်းမှ မအိရွှေဇင်အား မနှင်းနီနီဟု ပြောင်းလဲခေါ်ပါရန်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်စိုင်းဆိုင်မိုင်း [၉/မရတ(နိုင်) ၀၄၀၃၉၆] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် No. 334769 သည် ၁၁-၅-၂၀၀၄နေ့တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၅၄၀၂၅၉။**

အမည်ပြောင်းခြင်း

အဖ ဦးခင်မောင်အေး၏ သမီး အထက(၁) ဒဂုံ၊ နဝမတန်းမှ မသော်ဦးမွန်အား မဆန်းသစ်ဝင့်ဒီ ဟု ပြောင်းလဲခေါ်ပါရန်။ **ဆန်းသစ်ဝင့်ဒီ။**

ရွှေညီ (1)

TV [illegible]

Ph : 560339

[illegible]

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် ၄၅၉၄၂၁ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါ။ **မောင်ဝဏ္ဏလှထွဋ် ၀၄၂-၂၂၂၇၃။**

လှကြီးမင်းဆိုင်ကောင်း၊ [illegible]

[illegible]

YOMA PH - 223932

ငြိမ်းချမ်းရေး

TV, VIDEO, VCD

အိမ်အရောက်ပြုပြင်ပေးသည်။

No.41၊ သမ္မာဒိဋ္ဌိလမ်း၊

ကျောက်မြောင်း၊ Ph: 548197

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် စ/၉၇၃၃မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

အမြန်ဆက်သွယ်ပါ

မ/ဒဂုံရှိ အိမ်ခြံမြေများ ရောင်းဝယ်လိုပါက အမြန်ဆက်သွယ်ပါ။

၀၉-၈၀၂၁၁၇၉၊ ၇၀၃၄၁၅။

ရောင်းမည်

ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမ၊ လှည်းတန်းမီးပွိုင့်အနီး ၁၂၅' X ၄၀' ၊ GF၊ HK ၂လွှာ **ဖုန်း-၆၅၂၀၈၆။**

ဒေါ်အေးအေးကြွေ
အသက်(၇၁)နှစ်
(ကြည့်မြင်တိုင်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ်(၇၂)နေ (ဦးအေးကြည်-ဒေါ်တင်တင်)တို့၏သမီးကြီး၊ စစ်ကွင်းမြို့နေ (ဦးကျော်စိန်-ဒေါ်တင်)တို့၏ သမီးချွေးမ၊ ဒုရဲမှူးကြီးရဲသူရကျော်မြင့်(ငြိမ်း)-ဒေါ်နွဲ့နွဲ့အေး၊ ဦးအေးကို(ဒု-ညွှန်မှူး၊ မိုး/ဇလ၊ ငြိမ်း)-ဒေါ်မစန်းမြင့်(စီမံကိန်း၊ ငြိမ်း)တို့၏ အစ်မကြီး၊ (ဦးကျော့ရှင်း-လ/ထညွှန်မှူး၊ ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)၏ဇနီး၊ ဦးထင်အောင်ကျော်-ဒေါ်ဇင်မကျော့ရှင်း၊ ဦးကျော်လင်း(ဒု-အကောက်ခွန်မှူး၊ နစရ၊ မြဝတီ)-ဒေါ်စပယ်ကျော့ရှင်းတို့၏ မိခင်၊ မမေဇွန်ကျော့ရှင်း(1st Year, Korean, YUFL)၊မောင်ရှင်းသန့်ကျော်လင်းတို့၏ ဘွားဘွားကြီးသည် ၁၃-၅-၂၀၀၄ရက် နံနက် ၇း၂၀နာရီတွင် အာရှတော်ဝင်းအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄(စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်အုန်း (၅၇)နှစ်
(တွံတေး)

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ကွမ်းခြံအလယ်ပိုင်း၊ ဗိုလ်ချုပ်လမ်းနေ (ဦးတင်ရှိန်)-ဒေါ်ခင်တင့်(ဒေါ်ငါးတံဆိပ်ဆေးလိပ်)တို့၏သမီး၊ ဦးတင်မြင့်-ဒေါ်အေးကြည်၊ ဦးလှထွန်း(ညွှန်မှူး၊ သတင်းနှင့်စာနယ်ဇင်း)-ဒေါ်ညွှန့်ညွှန့်သန်း(ညွှန်မှူး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း)၊ ဦးထွန်းဝေ(အထက-၁၊ တွံတေး၊ ငြိမ်း)-(ဒေါ်အမာ)၊ (ဒေါ်ခင်သောင်း)တို့၏ညီမ၊ ဦးကျော်ဝင်း(ဒု-ညွှန်မှူး၊ကြေး/မြေ)-ဒေါ်သီတာအောင်၊ ဦးအောင်ကျော်-ဒေါ်ဖြူဖြူဝင်း(MPPE)၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါက်တာကြီးအောင်(တွံတေးမြို့နယ်သွားဆရာဝန်)-ဒေါ်ခင်မြတ်မော်၊ ဦးကြည်တိုး-ဒေါ်စန်းစန်းရွှေ၊ ဦးစိုးဝင်းလှိုင်(Blue Planet Shipping)၊ (ဦးအောင်ကြီး)တို့၏အစ်မ ဒေါ်တင်အုန်းသည် ၁၂-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မူလမန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

အားရှယ်(ခ)ဒေါ်ဌေးဌေးလွင်
အသက်(၄၇)နှစ်
အလပြဆရာမ (ငြိမ်း)၊ လှိုင်လင်

လှိုင်လင်မြို့၊ (တ/၃၅)၊ အနောက်ကျောင်းလမ်းနေ (ဦးကွယ်ချမ်း)-ဒေါ်နန်းဥတို့၏သမီး၊ ဦးတင်မြင့်၊ ဦးမောင်မောင်ထွန်း(လှိုင်လင်)တို့၏ ညီမ၊ စိုင်းခွန်ထွန်း-မမြင့်မြင့်လွင်(လှိုင်လင်)၊ မရီရီလွင်(လှိုင်လင်)၊ ဦးစိုင်းလင်း-မစန်းစန်းလွင်(ကွန်ဟိန်း)၊ မောင်ထွန်းအောင်(လှိုင်လင်)တို့၏ အစ်မ၊ ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းရပ်၊ (၁၀)မိုင်၊ ရန်ကြီးအောင်လမ်း၊ ခြံအမှတ်(၉/၁၁၉)၊ အင်းစိန်မြို့နယ်နေ ဦးမြင့်အေး(အကောက်ခွန်မှူး၊ ငြိမ်း)၏ ဇနီး အားရှယ်(ခ) ဒေါ်ဌေးဌေးလွင်(အလပြ၊ ငြိမ်း၊ လှိုင်လင်)သည် ဇဖပါးသောရောဂါဖြင့် ၁၂-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည ၇း၀၅နာရီတွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ရေကန်ဒါယကာကြီး

အုန်းသီးဦးဝင်းမြိုင်(၇၂)နှစ်
(ကြံခင်း)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၈၀)နေ (ဦးပိန်-ဒေါ်မယ်ရင်)တို့၏ သား၊ (ဒေါ်ကျင်ခ)၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ထားထားဦး(အထက-၁၊ လသာ)၊ ဦးသီဟ(ဝိဇ္ဇာနည်းကျ၊ မြန်မာ့ဗေဒင်)၊ ဒေါ်ခင်စုစု(အထက-၄၊ မင်္ဂလာတောင်ညွန့်)၊ မယုဇနခင်၊ ကိုဇေယျာဝင်း၊ မခင်သန္တာဝင်း (ဒု-နှစ်၊ ဂျာမန်၊ UFL)တို့၏ ချစ်လှစွာသော ဖခင်သည် ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဆရာမဒေါ်မြင့်မြင့်သန်း
(B.Sc, B.Ed)
အသက်(၅၀)
အထက(၁) မော်ကျွန်း

မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၃)၊ ဗိုလ်ချုပ်လမ်းနေ (ဆရာကြီးဦးကောင်းကွယ်)-ဒေါ်အုန်းကြည်တို့၏ သမီး၊ ကိုမြင့်ဝေ-မသက်သက်အေးတို့၏ အစ်မကြီး၊ မမေဇင်လှိုင်၊ မရွှန်းလဲ့လဲ့ဝေ၊ မောင်ရဲရင့်မင်းဝေတို့၏ အဒေါ်သည် ၁၂-၅-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမြကို (၄၈)နှစ်
(သာကေတ)

ရန်ကုန်တိုင်း၊ ခရမ်းမြို့နေ (ဦးတော်ငါး-ဒေါ်တော်)တို့၏ သား၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဦးစံတင်)-ဒေါ်စိန်ကြည်တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ (၁၇)လမ်းနေ ဦးသန်းမြင့်-ဒေါ်အုံးတင်၊(ဦးမြင့်သိန်း)-ဒေါ်ကျင်မြ၊ ဦးအောင်ခင်-ဒေါ်သန်းသန်းရီ၊ ဦးစန်းလွင်-ဒေါ်ချိုမာလေးတို့၏ မောင်၊ ဗိုလ်မှူးအောင်မြင့်သူ - ဒေါ်လွင်လွင်ချိုတို့၏ အစ်ကို၊ အမှတ်(၅၃၈)၊ မြင်တော်သာလမ်း၊ (၄)တောင်ရပ်ကွက်၊ သာကေတမြို့နယ်နေ ဒေါ်စံစံမာ၏ ခင်ပွန်း၊ မောင်ထက်ကိုကို၊ မောင်ဇင်ကိုကိုတို့၏ မွေးသဖခင်သည် ၁၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၅-၅-၂၀၀၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းနု (၅၇)နှစ်
ဒု-စာရင်းကိုင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
(ဂန့်ဂေါ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ သုခမလမ်း၊ အမှတ်(၂၅)နေ (ဦးမောင်ခင်)-ဒေါ်တင်ရီတို့၏ သမီး၊ ရေစကြိုမြို့၊ မြို့မရပ်နေ (ဦးရှိန်-ဒေါ်စု)တို့၏ သမီးချွေးမ၊ (ဦးညွန့်ရွှေ)၊ မောင်မောင်သန်း၊ (ကိုခင်မောင်ဇော်)-မခင်မာဝေ၊ မကြူကြူမြင့်၊ မောင်ခင်မောင်သန်း - မလှဌေးမော်၊ မောင်မောင်လွင်-မမူမူမြင့်တို့၏ အစ်မ၊ ဂန့်ဂေါမြို့၊ ဆောက်လုပ်ရေးဝန်ထမ်းအိမ်ရာနေ ဦးတင်မောင်လတ်(စာရင်းကိုင်-၀၊ ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ မောင်အောင်ကိုလတ်(ဂန့်ဂေါ၊ ဆလရ)၊ မထိုက်စုလတ် [B.Sc (Hons)M.Sc Maths၊ မန္တလေးတက္ကသိုလ်]၊ မဝေမီလတ်(ဂန့်ဂေါ၊ဆလရ)တို့၏ မွေးသမိခင်သည် ၁၀-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ရွှေ (၅၆)နှစ်
(ကျောက်ပန်းတောင်း)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ ရန်ပြေ(၄)လမ်း အရှေ့၊ အမှတ်(၉၈၆)နေ (ဦးထွန်းဝ-ဒေါ်ဖွားကြည်)တို့၏သမီး၊ ဦးသာအောင်၏ ဇနီး၊ ဦးကျော်ရှင်း-ဒေါ်သင်းသင်းချို၊ ဦးဝင်းနိုင်-ဒေါ်အုန်းနု၊ ဒေါ်ခင်ဝေတို့၏ အစ်မ၊ ဦးဇော်ထွန်းနိုင်-ဒေါ်သန္တာမျိုး၊ မစန်းဝင်းမော်ဦးတို့၏ မွေးသမိခင်၊ မခိုင်ခိုင်၏အဘွားသည် ၁၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၀၄(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကိုအေးချမ်းခိုင် (၃၃)နှစ်
(စစ်တွေ)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မင်းရဲကျော်ထင်လမ်း၊ (၁၄/၆-၅၂၃)နေ (ဦးဘသိန်း)-ဒေါ်မြတင်ဦး(ခ)ဒေါ်ဝိုင်းတို့၏ သား၊ ကိုရဲဝင်းခိုင်-မလှလှအေးတို့၏ ညီ၊ ကိုငြိမ်းချမ်းခိုင်၊ မအေးအေးခိုင်၊ မောင်ညီထွေးခိုင်တို့၏ အစ်ကို၊ မဇင်မီမီဦး၊ မဖူးသရဖီဦးတို့၏ ဦးလေးသည် ၉-၅-၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

ဦးမော်ဂင် (၈၅)နှစ်
အကောက်ခွန်မှူး(ငြိမ်း)

ရာသက်ပန်အသင်းဝင် ဦးမော်ဂင်သည် ၉-၅-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၁-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ

ဒေါ်ခင်လှ (၈၄)နှစ်
ဘိုကလေးမြို့(ငွေလရောင်)

သုံးခွမြို့နေ (ဦးမောင်ဆင်-ဒေါ်ရင်)တို့၏ သမီး၊ (ဘိုကလေးငွေလရောင်-ဦးလှ)၏ဇနီး၊ ဒေါ်လှရီ၊ ဒေါ်လှမြိုင်၊ ဒေါ်အေးသင်၊ ဒေါ်စီတို့၏ အစ်မ၊ ဦးသောင်းလွင်-ဒေါ်ခင်စိန်၊ ဦးခင်ဝင်း-ဒေါ်ခင်မြင့်၊ ဦးအောင်ကိုကို-ဒေါ်တင်တင်ဝင်း၊ ဦးသိန်းဌေးအောင်၊ ဦးသိန်းဝင်း-ဒေါ်သန်းသန်းဌေး၊ ဦးတင်ယု(BTB., Co., Ltd.)-ဒေါ်သန်းသန်းအေး(ခ)မရှမ်းတို့၏ မိခင်၊ မြေး၁၆ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၂-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [တိုက်(၁၇)၊ အခန်း(၂)ဘော်စင်လမ်း၊ သုဝဏ္ဏလမ်းဆုံရန်ကုန်မြို့နေအိမ်မှ ကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ဝိုင်း (၈၂)နှစ်
(သိမ်ချောင်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အနန္တဂုဏ်ရည်လမ်း၊ အမှတ်(၅၈၉)နေ (ဦးဘစိန်-ဒေါ်ကျည်းတန်)တို့၏ သမီး၊ (ဦးတင်ရွှေ)၏ ဇနီး၊ ဦးသန်းလွင်-ဒေါ်ကျင်နွယ်၊ ဦးဝင်းရွှေ(ကျောင်းအုပ်ကြီး၊ အမက၊ တိုးကြောင်ကြီး၊ ဒဂုံမြောက်)-ဒေါ်ခင်စန်း၊ ဦးသိန်းမြင့်(ဥပဒေအကျိုးဆောင်)- ဒေါ်ခင်အေး(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်)၊ ဦးကျော်တင်[ရုံးအဖွဲ့မှူး၊ နိုင်ဂရ(ပ်) ဆောက်လုပ်ရေး ကုမ္ပဏီရုံးချုပ်]-ဒေါ်ဆယ်လီလှ(လ/ပြ၊ အလက-၂၊ ဗဟန်း)၊ ဦးစိုးမြင့်-ဒေါ်မြသန်း၊ (ဦးမျိုးမြင့်-ဒေါ်ချိုနွယ်ထွန်း)၊ ဦးလှိုင်မြင့် (Director Gracious Trading)-ဒေါ်စန်းစန်းမြင့်(အမက-၃၁၊ တာမွေ၊ ငြိမ်း)၊ ဦးသိန်းနိုင်(ဝါးခဲကုန်သည်)-ဒေါ်သန္တာတို့၏ချစ်လှစွာသောမွေးသမိခင်၊ မြေး ၂၁ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁၃-၅-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၅-၅-၂၀၀၄ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းကြည် (၇၄)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၄)တောင်ရပ်ကွက်၊ မြို့မ(၅)လမ်း၊ အမှတ်(၅၁၉)နေ (ဦးအောင်ရွှေ-ဒေါ်မလေး)တို့၏သား၊ (ဦးသက်ပုံ-ဒေါ်လှကြူး)တို့၏သားသမက်၊ ဦးတင်ထွန်း - ဒေါ်ကျင်ဌေး၊ ဦးဝင်းကြိုင်(M.P.P.E) - ဒေါ်ကြည်ကြည်ဝင်း၊ ဦးကျော်ဆွေ - ဒေါ်ခင်ကျော့ကျော့(အထက-၂၊ သာကေတ)၊ ဒုရဲအုပ်သန့်ဇင်ဦး (မင်္ဂလာတောင်ညွန့်ရဲစခန်း)-ဒေါ်ယုယုလှိုင်၊ ဒေါ်ဥမ္မာထွေးတို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေး ၁၅ယောက်တို့၏ အဘိုး၊ ဒေါ်ကျင်လှိုင်၏ ခင်ပွန်းသည် ၁၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်သန်း(ခ)
ပင်စီပင့်ဌာ(ခ)
ဒေါ်ကောက်ဘို့(၇၄)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့နေ (ဦးပင့်ငှါ-ဒေါ်ဘိန်လွမ်)တို့၏ တတိယသမီး၊ (ဦးစိန်ခွေး-ဒေါ်ယုံ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ် (၁၉၃)၊ ပထမထပ်နေ [ဗိုလ်ကြီးမြင့်ဆွေ(ခ)ဦးဝမ်ဟိန်း]၏ဇနီး၊ (ဦးဆင်စွမ်-ဒေါ်ကြည်တင်)၊ (ဦးရန်စိန်း-ဒေါ်မြမြစန်း)၊ ဒေါ်ကြည်ဝင်း၊ ဦးရန်အေးတို့၏ ညီမ၊ ဒေါ်သန်းသန်းဝင်း၊ ဦးသန်းအောင်-ဒေါ်ဂလက်ဒစ်တို့၏ အစ်မ၊ မမြင့်မြင့်ကြည်၊ ကိုအေးကျော်-မညိုမီက၊ ကိုဝင်းနိုင်တို့၏မိခင်၊ မစဉ်နှိုင်းမမီကျော်၏ အဘွားသည် ၆-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈-၅-၂၀၀၄ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးကျော်သိန်း (၈၉)နှစ်
အငြိမ်းစားကျောင်းဆရာကြီး
(သံတွဲ)

သံတွဲမြို့၊ ရွှေဘုံသာလမ်းနေ (ဦးကျော်ဖြိုး-ဒေါ်မမ)တို့၏သား၊ ဒေါ်ညိုညို၏ မောင်၊ ဒေါ်ခင်ကြီး၏ ခင်ပွန်း၊ ဦးတင်ထွန်း-ဒေါ်သိန်းသိန်းမြ၊ ဒေါ်ခင်ခင်မြ၊ (ဒေါ်ခင်လှမူ)၊ ဒေါ်သိန်းသိန်းကျော်၊ ဒေါ်ခင်မြတ်ထွေးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၀၄ (သောကြာနေ့) ညနေ ၃နာရီတွင် သံတွဲသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်အုန်းခင် (၈၆)နှစ်
(သံတွဲ)

ရန်ကုန်မြို့၊ ဖျိုင်းရေအိုးစင်ရပ်ကွက်၊ အမှတ်(၆)၊ အောင်မာဃလမ်းနေ (ဦးမောင်တုတ်-ဒေါ်ခင်နု)တို့၏ သမီး၊ (ဦးသာမြင့်၊ သံတွဲ)၏ဇနီး၊ ဒေါ်ခင်အေး-ဦးဝင်းမြင့်(သံတွဲမြို့၊ ပညာ့တံခွန်စာအုပ်ဆိုင်)၊ ဒေါ်ခင်လေး(သ/မ ရုံးချုပ်)၊ ဦးသန်းသိန်း(စား/ဖျော်၊ ငြိမ်း)၊ ဒေါ်ခင်မူ (မကွေးခရိုင်တရားရုံး) - ဦးခင်မောင်ကြည်(တရားရုံးချုပ်ရှေ့နေ)၊ ဦးဘဟိန်း(စား/ဖျော်၊ ငြိမ်း)တို့၏ မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ တန်ဆောင်း၊ သိမ်၊ ရဟန်း၊လမ်း၊ ရေတွင်း၊ရေစက် ဒါယကာကြီး

ဦးအေးရွှေ (၇၃)နှစ်
(စား/ဖျော်၊ ငြိမ်း)
ငှက်ပျောချောင်း(ဝါးခယ်မ)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၅လမ်း၊ အမှတ်(၁၂၀၂)နေ (ဦးအေးမောင်-ဒေါ်မယ်ရင်)တို့၏ သား၊ (ဦးမောင်မြ-ဒေါ်အုန်းတင်)တို့၏ သားသမက်၊ (ဒေါ်အေးလှိုင်)၏ ခင်ပွန်း၊ (ဦးကြင်)-ဒေါ်အုန်းတင်၊ (ဦးအေး)-ဒေါ်သန်းခင်၊ (ဦးဗိုလ်)တို့၏ညီ/မောင်၊ ဒေါ်တင်အေး၊ ဦးကြင်အောင်၊ ဦးလှမြင့်တို့၏ အစ်ကို၊ ဗိုလ်ကြီးအုန်းလှိုင်(ငြိမ်း)-ဒေါ်သီတာရွှေ၊ ကိုအောင်မျိုးအောင် (Rothmans of Pallmall Myanmar Pte., Ltd.)-မဥမ္မာရွှေတို့၏ ချစ်လှစွာသော ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၉-၅-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၁-၅-၂၀၀၄ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဆရာမကြီးဒေါ်မြစော
အသက်(၆၇)နှစ်
အလယ်တန်းပြ-ငြိမ်း၊ အလက-၃၊ မင်္ဂလာဒုံ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းနေ (ဦးချစ်ဆွေ-ဒေါ်ထားစိန်)တို့၏ သမီး၊ လှည်းတန်းနေ (ဦးနီ)-ဒေါ်တင်လှိုင်၊ တာမွေကျောက်မြောင်းနေ ဦးခင်မောင်ဝင်း-ဒေါ်ပြုံး၊ ဦးသိန်းထိုက်-ဒေါ်ဝင်းဝင်းကြည်တို့၏ အစ်မ၊ အမှတ်(၂၃/ခ)၊ ယူကလစ်လမ်း၊ ဈေးရပ်ကွက်၊ ထောက်ကြန့်နေ ဦးခင်လှ(တပ်မတော်လေ-ငြိမ်း)၏ ဇနီး၊ ဦးသိန်းထိုက်-ဒေါ်ခင်မြဦး၊ ဒေါ်ခင်ဆွေလတ်၊ ဗိုလ်ကြီးဒေါ်ခင်စောလင်း(မင်္ဂလာဒုံစစ်ဆေးရုံ)၊ ဦးခင်ကျော်နိုင်-ဒေါ်အုန်းကြည်တို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၃-၅-၂၀၀၄ ရက်တွင် မင်္ဂလာဒုံစစ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်မြတ် (၆၁)နှစ်
BCG၊ အဆုတ်ရောဂါဌာန(ငြိမ်း)
CDTT, Unicef

ဆင်ပေါင်ဝဲမြို့နယ်နေ (ဦးကျော်သိန်း-ဒေါ်စောသိန်း)တို့၏ သား၊ မြောက်ဒဂုံမြို့နယ်၊ အမှတ်(၁၆)၊ ငွေသီရိ(၁)လမ်း၊ (၃၀)ရပ်ကွက်နေ ဒေါ်ခင်ကြိုင်(ကုန်သွယ်/လယ်ယာ)၏ခင်ပွန်း၊ မစောယုမြတ်၊ မြောက်ဒဂုံမြို့နယ်၊ စစ်တောင်းလမ်းနေ မောင်ကျော်ဇောမြတ်(Hanseatic Shipping Line)-မဥမ္မာအောင်၊သာကေတမြို့နယ်၊မြခွာညိုအိမ်ရာ၊ တိုက်(၂)၊ အခန်း(၅)နေ မောင်ကျော်ဆွေ-မခိုင်ဇင်မြတ်(ပြိုင်ကင်းစားသောက်ဆိုင်)တို့၏ ဖခင်သည် ၁၀-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၁၆)၊ ငွေသီရိ(၁)လမ်း၊ (၃၀)ရပ်ကွက်၊ မြောက်ဒဂုံ နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်သန်းမြ (၉၁)နှစ်
(မြောင်းမြ)

ဧရာဝတီတိုင်း၊ လပွတ္တာမြို့၊ အောက်ပိုင်းရပ်နေ (ဦးတရောင်-ဒေါ်စိန်ပွင့်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ လေဆိပ်လမ်းသွယ်၊ ခြံအမှတ်(၁၁)နေ (ဦးစိန်းကြင်)၏ ဇနီး၊ ဦးခင်ဟုန်-ဒေါ်ခင်မြင့်မြင့်၊ ဦးခင်ဟိန်-ဒေါ်စန်းမြင့်၊ (ဦးခင်ကျော်)-ဒေါ်ခင်နွယ်ဦးတို့၏ မိခင်၊ မောင်ကျော်ကိုကိုဦး-မမြတ်မြတ်ဦး၊ မောင်မျိုးမြတ်-မလှိုင်သီရိ၊ မမြတ်မြတ်မိုး၊ မောင်နေလင်းမြတ်-မဟိဆာအဲ၊ မောင်အောင်မျိုးခိုင်-မမြတ်မြတ်ထွေး၊ မောင်ဆန်းလင်း၊ မောင်ဉာဏ်လင်း၊ မမြင့်မြင့်ကြည်၊ မောင်ဇင်လင်း၊ မောင်သော်တာမြင့်၊ မခင်နွယ်ချို၊ မောင်ဝင်းထွဋ်တို့၏ အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဆရာမကြီးဒေါ်ခင်သိန်း
အသက်(၈၉)နှစ်
(မိုးကောင်း)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ (၈၈)လမ်း၊ အမှတ်(၄၃)နေ (ဦးချစ်-ဒေါ်ဒေါ်မိ)တို့၏ သမီး၊ ဦးအောင်ကြင်-(ဒေါ်မြရင်)တို့၏ အစ်မ၊ ဦးစောဝင်း(စက်ရုံမှူး၊ ပိုးသတ်ဆေးစက်ရုံ၊ မှော်ဘီ)-ဒေါ်ခင်မကြီး(လ/ထညွှန်မှူး၊ ရေကြောင်းဦးစီး)၊ ဦးခင်မောင်အေး-ဒေါ်စိန်စိန်ရီ၊ ဒေါ်သီဂီကြင်တို့၏ ကြီးကြီး၊ မောင်မျိုးသွင်-မစောမြသန္တာဝင်း၊ မစောမြနီလာဝင်း၊ မောင်မိုးဇော်အေး၊ မစုမြတ်နိုးအေးတို့၏အဘွားသည် ၁၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးယုဝိန် (၇၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၂၀)၊ (၃၃)လမ်းနေ (ဦးကြည်အဟိန်-ဒေါ်အလျှံ)တို့၏သား၊ ဒေါ်မြရီ၏ ခင်ပွန်း၊ ဒေါ်တင်ရွှေ-ဦးမြတ်ထွန်း၊ ဦးအဝါး၊ ဦးအယူး၊ ဦးအခရမ်း၊ ဒေါ်အရိမ်းတို့၏မွေးသဖခင်၊ မောင်ငွေဇာဝင်း-မမေသူသူမြင့်၊ မောင်အောင်ထွန်းတို့၏အဘိုး ဦးယုဝိန်သည် ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၆း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေး နေဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pu. Thawng Kho Zam
(တပ်ကြပ်ကြီးစာရေး၊ ငြိမ်း)
Chairman
Tedim Baptist Church-Yangon
(အဖွဲ့ဝင်မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့)
Manager IDEMITSU မုံရွာမြို့
(၁၉၉၀-၉၄)
Manager, U.M.W
(Yangon Branch 1995-2003)
သတင်းစာကိုယ်စားလှယ်၊တီးတိန်မြို့
အသက်(၆၂)နှစ်

တီးတိန်မြို့နယ်၊ Laibung ရွာနေ (Pu. Khai Ngul-Pi. Ngoih Huai)တို့၏ စတုတ္ထမြောက်သား၊ (Capt. Mang Kho Lian)-Pi Ciin Kho Hauတို့၏ သားသမက်၊ Pu. Thuam Za Cin-(Pi. Hau Za Cing)၊ Pi Zen Suan Cing၊ (Nu. Ngul Kho Cing-Pu. Suan Za Go)၊ (Pi Dim Za Awi)-Pu. Ngen Za Do (Kalemyo)တို့၏ ညီ/မောင်၊ Pa. Ngulh Kho Suan-Nu Thang Cingတို့၏ အစ်ကို၊ Huai Ngo Lun (ခ) နိုးနိုး B.Sc., (Botany)၊ Nu Hau Khan Din (ခ) ခက်ခက် B.Sc., (Environmental Studies)-Pa Thang Cin Pau (A.G.T.I မုံရွာ)၊ Lia Lian Za Cing (ခ)ကြင်နိုး B.Miss, B.A., (Public Policy), M.Div., I-(FBTS), Lia Ngul Cin Cing Mung (ခ)ကြေးမုံ (Third Year Law)တို့၏ မွေးသဖခင်၊ ရန်ကုန်မြို့၊ အမှတ်(၁၃/၁၂)၊ အေးရိပ်မွန်(၁)လမ်း၊ (၃)ရပ်ကွက်၊လှိုင်မြို့နယ်နေ Pi. Ngoih Khawm Cing၏ ချစ်လှစွာသော ခင်ပွန်း၊ Pu Thawng Kho Zamသည် ၁၃-၅-၂၀၀၄ရက်တွင် Sakura Medical Centre တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၅-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် အမှတ်(၁၄၃)၊ မင်းရဲကျော်စွာလမ်း၊ ယုဒသန်အောက်မေ့ဖွယ်ခန်းမ၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းရုံးချုပ်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

သံဖြူဇရပ်မြို့နယ်သံဃနာယကဖွဲ့ဥက္ကဋ္ဌ၊ (မဟာဒွါရ)ဆရာတော်

ဘဒ္ဒန္တ ဓမ္မသာရဓဇမဟာထေရ်
သာသနဓဇသိရီပဝရဓမ္မာစရိယ၊ မဟာသဒ္ဓမ္မဇောတိကဓဇ
သိက္ခာတော်(၆၀)၊ သက်တော်(၈၀)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒါက်စံပြကျေးရွာ၊ မာလာရုံကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ သံဖြူဇရပ်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(မဟာဒွါရ) ဘဒ္ဒန္တ ဓမ္မသာရဓဇမဟာထေရ်ဆရာတော်ကြီးသည် (၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ရက်) ၈-၅-၂၀၀၄ (စနေနေ့) နံနက် ၁၀း၄၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ဆရာတော်၏ အန္တိမသာဓုကီဠနစျာပနသဘင်ပူဇော်ပွဲကို (၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ရက်) ၁၆-၅-၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိတပည့်သံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များ၊ ဒါယကာ၊ဒါယိကာမများ
ကျုံကဒါက်ရွာ၊သံဖြူဇရပ်မြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ တေဇနိယ(သာသနဓဇဓမ္မာစရိယ)
သိက္ခာတော်(၅၀)၊ သက်တော်(၇၀)

မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကသဲကုန်းကျေးရွာ၊ မင်းကုန်းကျောင်းတိုက်၊ ပဓာနနာယကဆရာတော် (ရပ်/ကျေး) သံဃနာယကဥက္ကဋ္ဌ (သာသနဓဇဓမ္မာစရိယ)၊ ရပ်/ကျေးသံဃနာယကဥက္ကဋ္ဌ၊ မြို့နယ်ဝိနည်းဓိုရ်နာယက၊ မြစ်သားမြို့နယ်လုံးဆိုင်ရာဘုန်းတော်ကြီးပညာသင်ကြားရေးဥက္ကဋ္ဌ၊ ပါဠိပထမပြန်စာမေးပွဲကြီးကြပ်ရေး ဥက္ကဋ္ဌ၊ ဝိနယဂရုက၊ လဇ္ဇီပေသလ သိက္ခာကာမနှင့် ပြည့်စုံတော်မူသော မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ တပ်ကုန်းကျေးရွာ မင်းကုန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ တေဇနိယသည် (၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ရက်)၊ ၅-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော်၁၂ရက်)၊ ၁၅-၅-၂၀၀၄ရက်တွင် ကြာကလပ်တင် စံကျောင်းချအခမ်းအနားဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ဈာပနကော်မတီ။

ရဟန်းဒါယကာကြီး

ဦးချစ်ဆွေ (၈၈)နှစ်
ပန်းတောင်းမြို့နယ်ရာသက်ပန်အသင်းဝင်
ယခင်-ပေါ်လွင်ကြော်ငြာဌာန
ကိုယ်စားလှယ်

ရန်ကုန်တိုင်း၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ ပြည်သာယာ(၃)လမ်း၊ အမှတ်(၇၆၆)နေ (ဦးအောင်ဘ-ဒေါ်သောင်)တို့၏သား၊ (ဒေါ်ယဉ်ကြည်)၏ခင်ပွန်း၊ ဦးသိန်းဇော်-ဒေါ်စိန်စိန်ဌေး၊ ဦးသန်းဇော်(ခ)နိုင်နိုင်(မိတ်ကပ်ဆံပင်)-ဒေါ်ခင်တုတ်တို့၏ ဖခင်၊ မောင်ဇော်ဝင်းထွဋ်၊ မောင်ဖြိုးဝေလင်း၊ မတင်နီနီထွန်းတို့၏ အဘိုးသည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်လှခင်(ခ)Alice
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ အမှတ်(၂၀)၊ သုခလမ်းနေ (ဦးပီအောင်ခင်)၏ ဇနီး၊ ဦးမြတ်ဝေ (Top English တွဲဖက်အယ်ဒီတာ)-ဒေါ်လှလှကြည်၊ ဒေါ်မာရီ-ဦးအုန်းသွင်၊ ဒေါ်ပန်းမာလာ-(ဦးကျော်အေး)၊ ဦးမိုးမြင့်မောင်(ဆရာဝီလျံ Top English အယ်ဒီတာချုပ်)-ဒေါ်အေးအေးသန်း၊ ဒေါ်နီလာ-ဦးတက်တိုး၊ ဒေါ်ဟယ်လင်-ဦးအောင်မိုးတို့၏ မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် မြေနီကုန်း ဖယ်တီမာကာတိုလိပ် ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကားများဘုရားကျောင်းရှေ့တွင် စီစဉ်ထားပါသည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းစိန်(ခ)
William Thein
(စိန့်မိုက်ကယ်ကျောင်းသားဟောင်း)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဂမုန်းလမ်း၊ အမှတ်(၃၀)နေ (ဦးသိန်းခ-ဒေါ်သန်းစိန်)တို့၏ သား၊ ဒေါ်ခင်ဝေ၏ မောင်၊ ဒေါ်အေးမေရီ(အထက-၇၊ မင်္ဂလာတောင်ညွန့်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုလှိုင်ဝင်းမိုး(တော်ဝင်မြို့မစာအုပ်တိုက်)-မမြင့်မြင့်နိုင်၊ ကိုဇော်ဝင်းတိုး(အိုးအိမ်ဦးစီးဌာန)-မသဲသဲတို့၏ ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၂-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။စိန့်မိုက်ကယ်ကျောင်းသား/သူဟောင်းများ။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးမြအုန်း (၇၈)နှစ်
ဌာနမှူး(ငြိမ်း)ဆေးဝါးအိမ်သုံး
ကြီးကြပ်ရေးမှူး၊ ဖိဝိတဒါနဆေးရုံ

(ဦးဘဂျမ်း-ဒေါ်မမလေး)တို့၏သား၊ ပြင်ဦးလွင်မြို့နေ ဒေါ်ခင်မေထူး၊(ဦးမောင်မောင်အောင်)၊ ဦးစိုးလင်း၊ ဦးတင်မောင်လင်း၊ ဦးအောင်နိုင်လင်းတို့၏ အစ်ကိုကြီး၊ ဦးပြုံး-ဒေါ်မြ(စဥ့်ကိုင်)တို့၏ မောင်၊ တိုက်(၁၁)၊ အခန်း(၁၀၅)၊ အေးရိပ်မွန်(၄)လမ်း၊ လှိုင်မြို့နယ်နေ (ဒေါ်တင်လှ)၏ ခင်ပွန်း၊ ဒေါ်မြင့်မြင့်အုန်း(အထက-၃၊ကမာရွတ်)၊ ဒေါ်ခင်ခင်အုန်း (အထက-၅၊ မင်္ဂလာဒုံ)-ဦးဝင်းမြင့်(ကုန်သွယ်/လယ်ယာ)၊ ဦးသိန်းထွန်းအောင် (Super Coffee Mix)-ဒေါ်နွယ်နီကြည်(တိုင်းရင်းဆေးဦးစီး)၊ ဦးဝင်းနိုင်(Craster Co.,)-ဒေါ်နုနုရီ(အမက-၂၃၊ တည်းကုန်း)၊ ဒေါ်မော်မော်-ဦးမောင်မောင်ကျော်တို့၏ ဖခင်၊ မဇင်ညီမ်းထက်၊ မောင်အောင်သူထက်၊ မမေသက်ဇော်တို့၏ ချစ်လှစွာသော အဘိုးသည် ၁၂-၅-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၆-၅-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ထားဝယ်အသင်း

ဦးကျင်ကွမ် (၇၅)နှစ်
(ထားဝယ်)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ဂန္ဓမာအောက်လမ်း၊ အမှတ်(၁၆၉)နေ ဒေါ်တင်၏ ခင်ပွန်း၊ အသင်းဝင်အမှတ်(၂၇၀၁)သည် ၁၀-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းအသင်းသားများအားအကြောင်းကြားပါသည်။ အမှုဆောင်အဖွဲ့။

ဦးမြအေး (၇၄)နှစ်
RO (ငြိမ်း)
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ လှည်းတန်းလမ်းမ၊ တိုက်(၂၀၈/၂၁၂)၊ အခန်း(၃၀၄)နေ (ဦးရွှေခင်-ဒေါ်အေးယုံ)တို့၏ သားထွေး၊ ဒေါ်အေးသန်း၏ ခင်ပွန်း၊ ဦးစိုးကြီး (Diethelm Engineering Co.)၊ ဦးစိုးသွင်(ပြင်ဦးလွင်သံမဏိစက်ရုံ၊ ငြိမ်း)၊ မညွန့်ညွန့်သိန်း၊ မမြင့်မြင့်ရီ၊ မောင်အောင်မြတ်ကျော်(E.P၊ မောင်အောင်ကျော်ငြိမ်း(Myanmar VES Co., Ltd.)တို့၏ ကျေးဇူးရှင် ဖခင်ကြီး ဦးမြအေးသည် ၁၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး-၂၉၁၈၃၂၊စာတည်းများ-၂၉၂၈၃၂၊ သတင်းထောက်မှူး-၂၉၂၈၃၃၊ မန်နေဂျာ-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း-၂၉၁၄၅၄၊ ဖြန့်ချိရေး-၂၉၂၈၃၀၊ ကြော်ငြာ-၂၉၉၄၂၇၊ ပုံနှိပ်-၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် စာပေပညာရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် 　　 မေ 　　 ၁၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ဗဟိုဦးစီးအဖွဲ့ဝင်များ၊ လေ့လာသူများနှင့် စာပေပညာရှင်များအား ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ လေ့လာသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညစာစားပွဲသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ 　　(သတင်းစဉ်)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ဗဟိုဦးစီးအဖွဲ့ဝင်များ၊ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များရောက်ရှိ

ရန်ကုန် 　　 မေ 　　 ၁၃

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များသည် ယနေ့တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်၊ မော်တော်ယာဉ်ခရီးစဉ်၊ မြန်မာ့မီးရထားခရီးစဉ်တို့ဖြင့် ရောက်ရှိလာကြသည်။

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရောက်ရှိလာကြသော ကိုယ်စားလှယ်များမှာ ချင်းပြည်နယ်၊ တနင်္သာရီတိုင်း၊စစ်ကိုင်းတိုင်း၊ရခိုင်ပြည်နယ်၊ကချင်ပြည်နယ်၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ ဖြစ်ကြရာ အမျိုးသား ညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧**

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းသို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)